# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၃) ရက် ၊ ကြာသပတေးနေ့ ၊ (13-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၆၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) စစ်လက်ရုံး ရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။

အဆိုပါစစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) တပ်မတော် ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

---

**မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ ပေါများစေရေး ငါးသားပေါက်ကောင်ရေ ၂၄၄ သိန်းကျော် စိုက်ထည့်ပြီးဖြစ်** *စာမျက်နှာ - ၂*

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးကော လျာထားချက်ထက် ပိုမို စိုက်ပျိုးနိုင်ခဲ့** *စာမျက်နှာ - ၂၆*

**မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃဒါန ဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပ** *စာမျက်နှာ - ၁၉*




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# သဘာဝဘေးအန္တရာယ်ထိခိုက်မှုလျှော့ပါးရေး ပြည်သူအားလုံးပါဝင်ပေး

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ဒီရေလှိုင်းများတက်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း စသည်တို့ဖြစ်ပြီး နေရာမရွေး၊ အချိန်အခါမရွေး နိုင်ငံတိုင်းရင်ဆိုင်ကြုံတွေ့ရနိုင်သည်။ ထိုသို့ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု သတိပြုရမည့်နိုင်ငံထဲတွင် မြန်မာနိုင်ငံလည်းပါဝင်သည်။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်တွက်ဆပြီး အချိန်တိုင်းအဆင်သင့်ဖြစ်နေရန် လိုအပ်သည်။ ထို့ပြင် ကမ္ဘာတွင် ပြောင်းလဲဖြစ်ပေါ်နေသည့် သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝများကို မျက်ခြည်မပြတ်လေ့လာရန် လိုအပ်သကဲ့သို့ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နိုင်သည့်ဘေးအန္တရာယ်များကို ရာသီအလိုက်၊ ဒေသအလိုက်ခန့်မှန်းပြီး မိမိတို့တွင်ရှိပြီးဖြစ်သော ရရှိနိုင်သောစွမ်းအားအရင်းအမြစ်များဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်သည့် အကောင်းဆုံးအစီအမံများကို အမြဲကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုသည်။

သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ခိုင်မာသောဖွဲ့စည်းတည်ဆောက်မှု၊ လုပ်ငန်းစနစ်ကောင်းမွန်မှု၊ စုစည်းညီညွတ်သည့်ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်မှုတို့သည် မရှိမဖြစ်လိုအပ်လျက်ရှိသည်။ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများသည် ဌာန၊ အဖွဲ့အစည်း၏လုပ်ငန်း တာဝန်မဟုတ်ဘဲ ဌာန၊ အဖွဲ့အစည်းများစွာအပြင် ပြည်သူလူထုပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ သာမန်ထက်ပိုမိုစနစ်ကျသော စီမံခန့်ခွဲမှုပုံစံဖြစ်ရန်လိုသည်။ ထို့ကြောင့် အားလုံးလိုက်ပါဆောင်ရွက်ရန် အထူးလိုအပ်ပြီး လုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်မှု၊ ဘာသာရပ်ဆိုင်ရာ စီမံခန့်ခွဲမှုများဆိုင်ရာကျွမ်းကျင်မှုများ ရှိနေရမည်ဖြစ်သည်။

သဘာဝဘေးဖြစ်ပွားလာပါက အန္တရာယ်ကိုကျော်လွှားနိုင်ရန် သဘာဝဘေးတုံ့ပြန်ရေးဆိုင်ရာ စီမံချက်များအတိုင်း ကြိုတင်ပြင်ဆင်စုဖွဲ့ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်းနှင့် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များ၊ ပြည်သူများ၊ အထောက်အကူပြု ပရဟိတအဖွဲ့များ အားလုံးပူးပေါင်းဆောင်ရွက်ရန် ကြိုတင်စီမံဆောင်ရွက်ထားကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များ လျော့ပါးရေးအတွက် သဘာဝဘေးစီမံခန့်ခွဲမှုအပိုင်းတွင် တာဝန်ယူနေသူများသာမက ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန် နှစ်စဉ် အောက်တိုဘာ ၁၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလျက်ရှိသည်။ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ဆောင်ပုဒ်မှာ "ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက်အားလုံးအတွက်"ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းကြရမည်ကို ကြိုတင်ကြံဆလျက် မပြတ်သောသတိ၊ အသိတို့ဖြင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများတွင် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ကြရန်လိုအပ်ပါသည်။ သို့မှသာ ပြောင်းလဲနေသော ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံနိုင်သောနိုင်ငံအဖြစ် ရပ်တည်နိုင်နေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများပေါများစေရေး ငါးသားပေါက်ကောင်ရေ ၂၄၄ သိန်းကျော် စိုက်ထည့်ပြီးဖြစ်




**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုဘဏ္ဍာနှစ်တွင် ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်စေရေးနှင့် ပေါများစေရေးအတွက် နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၂၄၄ သိန်းကျော်ကို စိုက်ထည့်ပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ တာဝန်ခံဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးသားပေါက်များကို တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းလေးခုက ခွဲတမ်းကျစိုက်ထည့်ပေးခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအနေဖြင့် ငါးသားပေါက်ကောင်ရေ သိန်း၂၄၀ စိုက်ထည့်ရန် လျာထားဆောင်ရွက်ခဲ့ရာ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၂၄၄ သိန်းကျော် စိုက်ထည့်ပေးနိုင်ခဲ့ပြီး လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ထည့်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်မှာ ငါးလုပ်ငန်းစခန်း လေးခုက ခွဲတမ်းကျ နှစ်လက်မအရွယ် ငါးသားပေါက်တွေကို စိုက်ထည့်ပေးခဲ့ပါတယ်။ စခန်းအလိုက်လဲ လျာထားချက်ထက် ကျော်လွန်အောင် စိုက်ထည့်ပေးနိုင်ခဲ့ပါတယ်။ ငါးမျိုးမသုဉ်းစေဖို့အတွက် နှစ်စဉ် ငါးမျိုးစိုက်ထည့်ပေးတာကို ဆောင်ရွက်ပေးသွားမှာပါ။ အခုလို ငါးမျိုးတွေကို မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်၊ တမံနဲ့ ရေလှောင်ကန်တွေမှာ စိုက်ထည့်ပေးနိုင်တာကြောင့် ငါးသယံဇာတ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေပြီး ပေါများစေဖို့၊ ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေတွေရရှိစေဖို့ပါ။ ငါးမျိုးကောင်းမျိုးသန့်တွေ ရေရှည်တည်တံ့ပြန့်ပွားစေဖို့၊ ငါးရိက္ခာတွေ ရေရှည်စားသုံးနိုင်စေဖို့နဲ့ သားငါးပေါများစေဖို့အတွက် ရည်ရွယ်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ငါးသားပေါက်တွေကို တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး စိုက်ထည့်ပေးခဲ့ပါတယ်"ဟု ၎င်းက ပြောပြသည်။

တိုင်းဒေသကြီးအတွင်း ယခုဘဏ္ဍာနှစ်တွင် ငါးသားပေါက်ကောင်ရေသိန်း ၂၄၀ ကို လျာထား၍ ငါးလုပ်ငန်းစခန်းအလိုက် စိုက်ထည့်ပေးခဲ့ကြောင်း၊ ထိုသို့ စိုက်ထည့်ပေးရာတွင် သရက်ကုန်း ငါးလုပ်ငန်းစခန်းက ငါးသားပေါက်ကောင်ရေ သိန်း ၆၂ ကျော်၊ ကူမဲ ငါးလုပ်ငန်းစခန်းက ငါးသားပေါက်ကောင်ရေ သိန်း ၆၂ ကျော်၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းက ငါးသားပေါက်ကောင်ရေ သိန်း ၈၀၊ ရေနံ့သာငါးလုပ်ငန်းစခန်းက ငါးသားပေါက်ကောင်ရေသိန်း ၄၀ စိုက်ထည့်ပေးခဲ့၍ လျာထားချက်ထက် ကျော်လွန်အောင်စိုက်ထည့်ပေးနိုင်ခဲ့ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း မိတ္ထီလာနယ်ထွက် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ပေါက်ဈေးရှိနေ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး ဈေးကွက်အတွင်း လက်ရှိတွင် မိတ္ထီလာနယ်ထွက် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း လက်ရှိတွင် မိတ္ထီလာနယ်မှ ထွက်ရှိသည့် ကြက်သွန်နီများ ဝင်ရောက်လာကြောင်း၊ မိတ္ထီလာနယ်မှ အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီများကို ကုန်သည်များ အဝယ် များပြားလာသည့်အပြင် ဈေးကောင်းပါ ရရှိနေကြောင်း သိရသည်။

"အရင်က မန္တလေးဈေးကွက်ထဲမှာ မုံရွာဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများဝယ်ယူနေကြတယ်။ အခုလက်တလောမှာတော့ မိတ္ထီလာနယ်ကထွက်ရှိတဲ့ အရည်အသွေးကောင်းပြီး ကြက်သွန်နီအလုံးလှတာတွေကို ကုန်သည်တွေအများဆုံး ဝယ်ယူနေကြပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က မိတ္ထီလာနယ်ထွက် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ကြက်သွန်နီအရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းပါပဲ။ ကုန်စည်ရဲ့ အရည်အသွေးကောင်းရင် ကောင်းသလို ဈေးကောင်းပေးပြီး ဝယ်ကြပါတယ်။ မိတ္ထီလာနယ်က ထွက်ရှိတဲ့ ကြက်သွန်နီဈေးကတော့ နောက်ပိုင်း ဒီထက်ပိုပြီး ဈေးကောင်းရလာဖို့ အလားအလာရှိနေပါတယ်"ဟု ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

# ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မန္တလေးဈေးကွက်အတွင်း မျိုးပဲများ အရောင်းအဝယ်သွက်နေ

**မန္တလေး အောက်တိုဘာ ၁၂**

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မန္တလေးဈေးကွက်အတွင်း မျိုးပဲများ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပြည်ပပို့ကုန်ဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲနှင့် မြေထောက်ပဲမျိုးများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်သွက်နေကြောင်း၊ ဈေးနှုန်းများအနေဖြင့် ကုလားပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀၊ မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀၊ ပဲစင်းငုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀၊ မြေထောက်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးများ ရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

"တောင်သူတွေဟာ ဒီနှစ် စိုက်ပျိုးရာသီမှာ သီးနှံတွေက ဈေးကောင်းတွေရရှိတဲ့ နှစ်တစ်နှစ်ဖြစ်လို့ ၂၀၂၃ ခုနှစ်မှာလဲ ဈေးကောင်းရရှိမယ်လို့ မျှော်မှန်းချက်နဲ့ မျိုးပဲတွေကို အားတက်သရောဝယ်ယူ စိုက်ပျိုးနေကြပါတယ်။ အခုဆိုရင် အထက်အညာဒေသတွေမှာ တောင်သူတွေက မျိုးပဲတွေကို ဝယ်ယူပြီးတော့ ဆောင်းသီးနှံအတွက် စိုက်ပျိုးနေတာတွေ့ရပါတယ်။ ဈေးတွေက ဒီရက်ပိုင်းမှာ မျိုးဝယ်တဲ့ တောင်သူတွေအတွက် အခက်အခဲမရှိဘဲ အလွယ်တကူ ဝယ်ယူရနိုင်တာကို တွေ့ရပါတယ်။ သိုလှောင်သူတွေကတော့ မျှော်မှန်းသလောက်ဈေးမရဘဲ ဖြစ်နေကြပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

အဆိုပါ ဆောင်းသီးနှံများကို ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အထက်အညာဒေသများတွင် အဓိကထား စိုက်ပျိုးကြကြောင်း၊ ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများတွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ခေတ်မရွေးတဲ့ ကဗျာ(၄)

## မန်းတင့်မော်

ရတနာပုံခေတ်ဆီ ပြန်ပြောင်းကြည့်မိရာ မြန်မာစာပေဂီတဆိုင်ရာများ အရှိန်အဟုန်ကောင်းစွာ ထွန်းကားပေါ်ပေါက်ခဲ့ကြောင်း တွေ့ရမည်။ ၎င်းစာပေဂီတလက်ရာများကို နှောင်းလူတို့လေ့လာ၍ မကုန်၊ စူးစမ်း၍မဆုံးဟု ဆိုနိုင်သည်။ ထိုခေတ် ထိုအခါက ပေါ်ပေါက်ခဲ့သော သီချင်းကြီး၊ သီချင်းခန့်များစွာကလည်း ယနေ့ ဂီတနှင့်စာပေအပေါ်တွင် လွှမ်းမိုးလျက်ရှိဆဲပင်ဖြစ်သည်။ မလိုလားသူတချို့က ဘုန်းတော်ဘွဲ့များ များလွန်းသည်ဟုဆိုကြသော်လည်း စာယဉ်စာခန့်များဖြစ်ကြောင်းကို မငြင်းနိုင်ကြပေ။ ထိုခေတ် ထိုအခါက စာပေကဗျာအမျိုးအစားများစွာ ထွက်ပေါ်ခဲ့ရာ "တေးထပ်"ဟူသော ကဗျာက အထူးရေပန်းစားခဲ့ကြောင်း သိရသည်။ တေးထပ်ရေးဖွဲ့သူဆရာများတွင် စလေဦးပုညနှင့် အချုပ်တန်းဆရာဖေတို့မှာ ခေတ်ပြိုင်ကဗျာဆရာများဖြစ်ကြပြီး နှစ်ဦးစလုံး၏ တေးထပ်များကလည်း မည်သူက သာလွန်ကောင်းမွန်သည်ဟု မဆိုနိုင်ပဲ တူညီလျက်ရှိသည်။ ထိုခေတ်က စာဖတ်သူဟုဆိုခြင်းထက် စာနာသူဟု ဆိုရမည်ဖြစ်သည်။ တစ်ဦးက စာကိုသံနေသံထားဖြင့် ဖတ်ပြပြီး ကျန်လူအများဝိုင်း၍ နားထောင်ကြခြင်းဖြစ်သည်။ စာတတ်မြောက်မှုဦးရေကလည်း နည်းပါးသေးသည်။ ယခုဖော်ပြမည့် တေးထပ်ကဗျာမှာ အချုပ်တန်းဆရာဖေ၏ "ငွေမျက်နှာ"အမည်ရှိ ကဗျာဖြစ်သည်။ ကဗျာစာဆိုက အဖွင့်တွင်-

"သည်ခေတ်တွင် သည်ကာလ၊
ငွေစတဲ့ ရွှေ့ဆောင်၊
မွဲရင်ဖြင့် လူဘောင်မှာ၊
ခွေးတောင်မှ မလေး။
မျိုးဇာတိ နွယ်မှန်ပင်၊
ငွေမခန့်ရှိအုံးမှအေး။"ဟု ရေးဖွဲ့ထားသည်။

ဘယ်ခေတ်၊ ဘယ်ကာလတွင်မဆို ငွေစက ရွှေ့ဆောင်လျက်ရှိသည်။ တစ်ဦးချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့ပြမှသည် နိုင်ငံဆီသို့ ငွေကြေးလည်ပတ်စီးဆင်းမှုကသာ ဦးဆောင်ဦးရွက်ပြုစမြဲဖြစ်သည်။ ငွေစဟုဆိုခြင်းမှာ မြန်မာတို့၏ရှေးခေတ် ငွေအသုံးအနှုန်းဖြစ်မည်။ ယခုတိုင် ငွေစကြေးစဟူသော စကားရပ်ကတွင်ကျယ်လျက်ပင်ဖြစ်သည်။

အင်ကြင်းကြာအုံ ရတနာပုံဟူသော အဆိုနှင့် အုတ်ကျစ်ကျော်အေးမန္တလေးဟူသော အဆိုတို့အရ ၁၂၂၁ ခုနှစ်တွင် ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းလက်ထက်တွင် ခေတ်မီမြန်မာဒေါင်းဒင်္ဂါး (ငွေဒင်္ဂါး)များ ထုတ်လုပ်သုံးစွဲခဲ့ကြောင်း မှတ်သားရသည်။ ငွေဒင်္ဂါးပိုင်ဆိုင်မှုများလျှင် များသလောက် ချမ်းသာကြွယ်ဝမှုရေချိန်ကို တိုင်းတာလေ့ရှိကြောင်းလည်းသိရသည်။ ရှေးခေတ်က ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်လှူဒါန်းရာတွင် ငွေဒင်္ဂါးတင်းရေမည်မျှကုန်ကြောင်း အမှတ်အသားထားလေ့လည်း ရှိသည်။ ငွေဒင်္ဂါးမှသည် ငွေစက္ကူအဖြစ် ပြောင်းလဲသုံးစွဲကြသည့်တိုင် ငွေ၏အရေးပါမှုနှင့် ငွေ၏ ရွှေ့ဆောင်မှုတို့က ပြောင်းလဲ၍မသွားခဲ့ပေ။ အခြေခိုင်ဆဲပင်ဖြစ်သည်။ ငွေမရှာနိုင်၊ ငွေမရှိနိုင်သဖြင့် ဆင်းရဲလျှင် လူလူချင်းမဆိုထားပါနှင့် ခွေးကပင် မလေးစားဟု စာဆိုကဆိုထားသည်။ ၎င်းအဆိုကို ရပ်ထဲရွာထဲ လှည့်လည်တောင်းရမ်းစားသောက်သူများကို ခွေးများက ဝိုင်းအုံ၍ စီစီညံညံဟောင်နေကြသော မရိုးနိုင်သည့် မြင်ကွင်းက သက်သေခံလျက်ရှိ၏။

လူလောက၊ လူ့နယ်ပယ်တွင် လူအမျိုးမျိုးရှိနေတတ်သည်။ တချို့က ဆွေကြီးမျိုးကြီး၊ တချို့က ဆွေမဲ့မျိုးမဲ့။ အချင်းချင်း ဘယ်အမျိုး၊ ဘယ်အနွယ်က လာသလဲဟုလည်း စုံစမ်းတတ်ကြသေးသည်။ "ဇာတိပုည ဂုဏ်မာန"ဟူသော စကားကလည်း ရှိသေးသည်။ မည်မျှပင် အမျိုးအနွယ်ကြီးမြင့်သည်ဖြစ်စေ ဓနဥစ္စာကြွယ်ဝမှသာ လူအများက ရိုသေလေးစားမည်ဖြစ်သည်။ ဤအချက်ကလည်း ဘယ်ခေတ်၊ ဘယ်အခါမဆို မပြောင်းလဲသော သဘောတရားဟု ဆိုနိုင်လိမ့်မည်။

တောသလမင်း အိပ်မက်တစ်ဆယ့်ခြောက်ချက်ဟုဆိုလျှင် ဗုဒ္ဓဘာသာဝင်အများစုသိရှိနားလည်ကြပြီးဖြစ်သည်။ ပုံမှန်မဟုတ်သော အဖြစ်အပျက်များ၊ သဘာဝလွန်ဖြစ်ရပ်များ၊ ပုံပန်းမကျကမောက်ကမဖြစ်ထွေများကို ရှေ့ဖြစ်နိမိတ်အဖြစ် မြင်မက်ခဲ့ပုံများဖြစ်သည်။ ၎င်းအိပ်မက်များကိုလည်း ခေတ်မရွေးသည့် အိပ်မက်များဟု ဆိုရပါတော့မည်။ ၎င်းအိပ်မက်များထဲမှ "ဘူးတောင်းနစ်၍ ဖောင်ခြမ်းပေါ်"ဟူသော အိပ်မက်တစ်ချက်ပါသည်။ သဘာဝနှင့်ရူပဗေဒသဘောတရားအရ ပေါ့ပါးသောဘူးတောင်းမှာ ရေပေါ်အမြဲပေါ်လျက်ရှိရမည်။ လေးလံသော ဖောင်ချမ်းသားမှာ ရေတွင်အမြဲနစ်မြုပ်နေမည်။ သို့သော် ထိုအဖြစ်အပျက်များက ပြောင်းပြန်ဆန့်ကျင်ဘက်ဖြစ်၍နေပေသည်။ ၎င်းအချက်ကို ဆရာဖေက ပုံဆောင်ခိုင်းနှိုင်းလျက်-

"ဘူးတောင်းနစ် ဖောင်ခြမ်းပေါ်၊
ပုံဆိုသော်မဝေး"ဟု ရေးဖွဲ့သည်။

❖ ထိုခေတ် ထိုအခါက စာပေကဗျာအမျိုးအစားများစွာ ထွက်ပေါ်ခဲ့ရာ "တေးထပ်"ဟူသော ကဗျာက အထူးရေပန်းစားခဲ့ကြောင်း သိရသည်။ တေးထပ်ရေးဖွဲ့သူ ဆရာများတွင် စလေဦးပုညနှင့် အချုပ်တန်းဆရာဖေတို့မှာ ခေတ်ပြိုင်ကဗျာဆရာများဖြစ်ကြပြီး နှစ်ဦးစလုံး၏ တေးထပ်များကလည်း မည်သူက သာလွန်ကောင်းမွန်သည်ဟုမဆိုနိုင်ပဲ တူညီလျက်ရှိသည်။ ထိုခေတ်က စာဖတ်သူဟုဆိုခြင်းထက် စာနာသူဟုဆိုရမည်ဖြစ်သည်။ တစ်ဦးက စာကိုသံနေသံထားဖြင့်ဖတ်ပြပြီး ကျန်လူအများဝိုင်း၍နားထောင်ကြခြင်းဖြစ်သည်။ စာတတ်မြောက်မှုဦးရေကလည်း နည်းပါးသေးသည်။ ❖

မည်သည့်ခေတ်၊ မည်သည့်ကာလမဆို မည်သည့်နိုင်ငံသူ၊ နိုင်ငံသားပင်ဖြစ်ပါစေ တစ်မိဝမ်းတွင်း တစ်အူထုံ့ဆင်း မောင်ရင်းနှမဆိုလျှင် အချင်းချင်းချစ်ခင်သံယောဇဉ်တွယ်တာကြစမြဲဖြစ်သည်။ မရှိအတူ ရှိအတူ အေးအတူ ပူအမျှ နေထိုင်ကြီးပြင်းကြရသော အနေအထားမျိုးသာဖြစ်၏။ မင်္ဂလာတရားတော်တွင် "ဉာတကာနဉ္စ သင်္ဂဟော"ဟူသည့် ဆွေမျိုးဉာတိတို့ကို ပေးကမ်းပံ့ပိုးခြင်းသည် မင်္ဂလာမည်၏ဟူသော အဆုံးအမတရားလည်းရှိသည်။

ယခုအခါ ညီအစ်ကို မောင်နှမ အရင်းအချာအချင်းချင်းမှာပင် စိတ်ဝမ်းကွဲမှုများရှိလာ၏။ ယခင်ကလည်းရှိခဲ့ဖူးသည်။ ယခုအခါ ဆက်သွယ်ရေးမီဒီယာအမျိုးမျိုးကြောင့် မောင်နှမသားချင်းတို့၏ အတွင်းရေးပြဿနာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပလူပျံလျက်ရှိတတ်သည်။ အထူးအားဖြင့် အမှုပွေသည့် အမွေမှုများဟု ဆိုနိုင်လိမ့်မည်။ "တို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ"ဟူသော သီချင်းစာသားအတိုင်း မှန်ကန်တည့်မတ်စွာ ချစ်တတ်ကြပါရဲ့လားဟု မေးခွန်းထုတ်ဖွယ်ဖြစ်လာနေသည်။ ရိုးရာအမွေ၊ ယဉ်ကျေးမှုအမွေနှင့် နိုင်ငံသားပီသစွာခံယူရမည့် နိုင်ငံ့သမိုင်းအမွေများအစား ငွေကြေး၊ တိုက်တာ၊ ခြံ၊ မြေ၊ ကား စသောရုပ်ဝတ္ထုဆိုင်ရာ အမွေများကိုသာ သဲကြီးမဲကြီးလိုချင်ရချင်နေကြသူများလှသည်။ ထို့ကြောင့်ပင် သွေးရင်းသားရင်းအချင်းချင်း အမွေအတွက် ရတက်ဖြာကြရသည်။ စကားများ၍ အမုန်းတံတားခင်းကြသည်။ တရားတပေါင်ရင်ဆိုင်ကြရသည်။ တချို့ဆိုလျှင် သေခန်းပြတ်ရသည်ထိ အရုပ်ဆိုးအကျည်းတန်လှသည်။ ငွေကြေးဖြင့် တန်ဖိုးသင့်ကြရသော ရုပ်ဝတ္ထုများစွာကလည်း သူ့နေရာနှင့်သူတန်ဖိုးရှိနေကြရာ အမွေ၏ အမွေဇာတ်လမ်းများမှာ ခေတ်အဆက်ဆက် ရိုးအီသွားခြင်းမရှိဘဲ ဆက်လက်ဖြစ်ပေါ်နေဆဲပင်ဖြစ်သည်။ နေ့စဉ်ထုတ်သတင်းစာများထဲမှ အမွေဆိုင်ရာသတင်းများ၊ ကြေညာချက်များကို သုတေသနပြုလုပ်မည်ဆိုပါက ရလဒ်ကောင်းများစွာ ထွက်ပေါ်လာနိုင်ပါဦးမည်။

အစ်ကိုနှင့် ညီ၊ အစ်မနှင့်ညီမ၊ အစ်ကိုနှင့် နှမ၊ အစ်မနှင့်မောင် အဖုံဖုံတော်စပ်ကြသော သွေးသားရင်းများ၏အမွေဆိုင်ရာနှင့် ငွေကြေးဆိုင်ရာရင်ဆိုင်ဖြေရှင်းနေရမှုများကိုလည်း မတွေ့ချင် မြင်လျက်သားဟု ဆိုရလောက်အောင် ပေါများလှသည်။ တစ်ခါတစ်ရံ လူ့ဘဝတစ်သက်တာ အမွေမှုရင်ဆိုင်ရင်း ကုန်ဆုံးသွားရသည်များလည်း ရှိနေတတ်ပြန်သည်။ မောင်နှမသာလျှင်မဟုတ်သေး ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အရီးကြီးနှင့် အရီးလေးခေါ် မြန်မာ့ဆွေမျိုးစပ်ဝေါဟာရ ကြွယ်ဝသလောက် ဆွေစုံမျိုးစုံတို့က ဆွေဂုဏ်မျိုးဂုဏ်ပြိုင်ကြရင်း အမွေလုကြရခြင်းများကလည်း ရှိနေပြန်သေးသည်။ ပေစာ အစ ပုရပိုက်အလယ် စာအုပ်အဆုံး အမွေမှုမှတ်တမ်းများတွေ့ရကြောင်း ပညာရှင်များကဆိုသည်။ ဆွေမျိုးအချင်းချင်း ငွေသာလျှင် အခရာဖြစ်သည်။ ပေးနိုင်ကမ်းနိုင်မှအဆင်ပြေသည်။ အကြီးက အငယ်ကိုမြင့်ရာမှ နိမ့်ရာသို့ စီးဆင်းခြင်းမဟုတ်မူဘဲ အငယ်က အကြီးကို ပြန်ပေးရသည်မျိုးကလည်း မရှားပေ။ ပညာအတွက်ငွေ၊ ရာထူးအတွက်ငွေ၊ နေရာအတွက်ငွေ၊ ကြင်ရာအတွက်ငွေ၊ အားလုံးအားလုံးအတွက် ငွေက အရေးပါလျက်ရှိဆဲပင်ဖြစ်သည်။ တစ်ခေတ်တစ်ခါက နာမည်အလွန်ကြီးခဲ့သည့် "ဂုဏ် ဂုဏ် ဂုဏ် ဂုဏ်ဆိုတာ ငွေကိုခေါ်တယ်"အစချီသော ဆရာဦးသုခ၏ ဂုဏ်သီချင်းကိုလည်း တိုက်တိုက်ဆိုင်ဆိုင် သတိရမိသေးသည်။ ဆက်လက်၍ အချုပ်တန်းဆရာဖေက-

"တမ်းဝင်တမိမွေးသော်မှ၊
ပေးနိုင်မှ ချစ်ကြည်။
ဆွေမျိုးကို မဆိုထားပါနှင့်
ငွေအားသာဖြစ်ပါတော့သည်"ဟု နိဂုံးအကြိုအဖြစ် ရေးဖွဲ့လိုက်ပါသည်။

ကမ္ဘာပေါ်၌ ကိုးကွယ်ယုံကြည်ရာ ဘာသာအသီးသီးတွင် မေတ္တာတရားက မပါမဖြစ်ပါဝင်လျက်ရှိကြောင်း မှတ်သားမိသည်။

ထို့အတူ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာ ဟူသော တရားသဘောများကလည်း ဆိုင်ရာဘာသာစကား ယဉ်ကျေးမှုများနှင့်ဆက်နွယ်လျက်ရှိသည်။ ဗုဒ္ဓဘာသာဝင်တို့အတွက်မူ ဗြဟ္မာများကျင့်သုံးသည့် ဗြဟ္မစိုရ်တရားလေးပါးဟု သိကြသည်။ ၎င်းတရားလေးပါးကို လူတို့လည်း ကျင့်ကြံအပ်သည်။ ထိုတရားများ ကင်းကွာ၍ ငွေကမင်းမူလာသည့်အခါ အရာရာငွေကသာ အတင့်အတယ်ဖြစ်ပါတော့သည်။ ငွေ၏နောက်တွင် ပညာရှင်တို့က ရောက်နေတတ်သည်။ စိတ်ကောင်းနှလုံးကောင်းရှိသူ၊ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသူတို့ကလည်း ငွေမရှိလျှင် မျက်နှာငယ်ကြရပြန်သည်။

ငွေ၏ ဖြန့်ကြက်မှုပမာဏကား အတိုင်းအဆတွက်ချက်ရန် ခက်ခဲလှသည်။ စက္ကဝါ သို့မဟုတ် စကြဝဠာတစ်ခုလုံးဟုပင် ဆိုနိုင်လောက်ကြောင်း အချုပ်တန်း ဆရာဖေက-

"ဗြဟ္မစိုရ်လေးမည်၊
မတည်ကြည် ကုန်ကင်းလို့၊
ငွေအရင်း မင်းမူသည့်ဘာ၊ (မူရင်းသတ်ပုံ)
တင့်တယ်လှပါ။
လူရေတတ် မျက်နှာငယ်၊
စက္ကဝါနယ် ကျယ်ဝန်းလို့လေး။ ။"ဟု အဆုံးသတ်ထားပါသည်။

ခေတ်အဆက်ဆက် ငွေကြေးဆိုင်ရာတွေးခေါ်မှုများ၊ စီမံခန့်ခွဲမှုများ၊ သုတေသနများက ရှိခဲ့၊ ရှိဆဲ၊ ရှိနေဦးမည်မှာသေချာသည်။ ငွေကြေးလည်ပတ်မှုနှင့် စီးပွားရေးကိုဆောင်ရွက်ကြရသည်ဖြစ်ရာ စီးပွားရေးဟူသော အသံကလည်း ကမ္ဘာလုံးဆိုင်ရာ မြည်ဟည်းလျက်ရှိသော တော်လည်းသံဟု တင်စားနိုင်ပါလိမ့်မည်။ နိုင်ငံအချင်းချင်း စီးပွားရေးအားပြိုင်မှုကလည်း ကြီး၊ လတ်၊ ငယ် အရွယ်စုံလှသည်။ အားလုံး၏ အရင်းအမြစ်ကလည်း ငွေပဲဖြစ်နေပြန်ရာ အထက်တွင် တင်ပြခဲ့သော ငွေမျက်နှာကဗျာကိုလည်း ခေတ်မရွေးသည့် ကဗျာအဖြစ် ခေတ်မရွေး သက်ရောက်မှုရှိနေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

**- မြန်မာကဗျာရွေးချယ်ချက်(ဟံသာဝတီ၊ ၁၉၇၂)**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ယခုဘဏ္ဍာနှစ် မေ ၁ ရက်မှ စက်တင်ဘာလကုန်ထိ မြန်မာ့ကုန်သွယ်မှုကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် ကန်ဒေါ်လာသန်း ၁၂၀၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၂**

ယခုဘဏ္ဍာနှစ်တွင် မေ ၁ ရက်မှ စက်တင်ဘာလကုန်ထိ မြန်မာ့ကုန်သွယ်မှုကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာသန်း ၁၂၀၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် မေ ၁ရက်မှ စက်တင်ဘာလကုန်ထိ နိုင်ငံတော်ကဏ္ဍအနေဖြင့် ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂၀၇၀ ဒသမ ၂၉၇ သန်း၊ သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃၆၆ ဒသမ ၂၂၄ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၂၄၃၆ ဒသမ ၅၂၁ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၆၄၉၀ ဒသမ ၅၃၂ သန်း၊ သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၈၁၅၉ ဒသမ ၀၉ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၆၄၉ ဒသမ ၆၂၂ သန်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိက ကဏ္ဍသည် နိုင်ငံတော်ကဏ္ဍထက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၂၁၃ ဒသမ ၁၀၁ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် အဆိုပါကာလအတွင်းတွင် မြန်မာ့ကုန်သွယ်မှုကဏ္ဍအနေဖြင့် ပို့ကုန်အမေရိကန်ဒေါ်လာ ၈၅၆၀ ဒသမ ၈၂၉ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၈၅၂၅ ဒသမ ၃၁၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇၀၈၆ ဒသမ ၁၄၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း၌ ပို့ကုန်ကဏ္ဍတွင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများနှင့် အခြားပို့ကုန်များကို တင်ပို့ရောင်းချပေးခဲ့ပြီး သွင်းကုန်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် CMP ကုန်ပစ္စည်းများကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ SKL




# မြဝတီမြို့နယ် ပွင့်လင်းအေးမြိုင်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မြဝတီ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြဝတီမြို့နယ် ပွင့်လင်းအေးမြိုင်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရနှင့်ဝန်ထမ်းများက တင်ဒါအောင်မြင်သည့် ရတနာငွေကြွယ်ကုမ္ပဏီ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် အတူ ပွင့်လင်းအေးမြိုင်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ပွင့်လင်းအေးမြိုင်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေနှစ်ပေ၊ မြေနီကျောက်စရစ် ကိုးလက်မ ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၇၆၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရတနာငွေကြွယ်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ဦး**

# နှင်းခဆင်းအမှီ ကြည်စေကြောင်း

- နေခြည်တစ်ဆိုင်း နှင်းတစ်လှိုင်းနှင့်
ရစ်သိုင်းမှုန်ပျ ရှမ်းရိုးမသည်
အလှပန်းချီ ကချေသည်သို့
စီရီရှိုက်ဖို တောင်ထိုထိုဖြင့်
ညို့ညို့ဆိုင်းကာ လွန်သာယာလည်း
လိမ်ညာလှည့်စား မရိုးသားသော
မျိုးခြားကြိုးရှုပ် ရှုပ်သေးရှုပ်တို့
လှုပ်ရှားခိုမှီ မှောင်မိုက်သည်ကြောင့်
နှံ့ညီပုပ်သိုး ဆိုးရုပ်ရည်
ဖျက်ပိုးထိခံ မြန်မာပြည်။

- ရောခေါ်မည် မြစ်နဒီနှင့်
နောင်ညီလေးဖြာ စီးဆင်းရာမှ
ဆွေညာနောင်ရင်း ညီကိုချင်းလည်း
နင်းပြားဆိုးပွေ ကျွန်သက်မွေနှင့်
ထိုးခြေကစား ပြည်ဖျက်များကြောင့်
ကွဲပြားမာန်ထုတ် ရန်ဘက်လုပ်လျက်
ဇာတ်ရှုပ်ကြိုးဆွဲ အားထည့်လွဲကာ
တိုက်ပွဲဖန်တီး ကြမ်းဖက်မီးတောက်
ချည်နှီးမြိုက်လောင် ရုပ်ဆိုးမှောင်သည်
သန်းခေါင်ညချမ်း လမ်းမသာ
နှလုံးကွဲညစ် နှစ်ချိန်ခါ။

- ယခုသော်ခါ အရာရာသည်
နှစ်ဖြာလင်းမှောင် မတူဆောင်သည့်
အရောင်ကွဲပြား ကျိုးပြစ်များကို
ထင်ရှားဖော်ပြ ဆိုဆုံးမသည့်
မြင်ရဖန်ဖန် အတန်တန်မို့
အမြန်မနှေး ငြိမ်းချမ်းရေးတွက်
စုဝေးကြံဆ ကြလေပြီ
ငြိမ်းချမ်းမျှော်ရည် မြန်မာပြည်။

- အို ဆွေညီနောင်တို့
သင်တို့ ငါတို့ ဆုခြွေစို့တည့်
မချို့စတမ်း ဖြူစိတ်ဝမ်းဖြင့်
လက်ကမ်းကြိုလင့် ငြိမ်းချမ်းခွင့်ဝယ်
ပွင့်လင်းချိုမြ အပြုံးလှတို့
ဝင်းပအလင်းသီ ညီစေမနှောင်း
နှင်းခဆင်းအမှီ ကြည်စေကြောင်း။ ။

**ဘုန်းရဲနိုင်(ဂန့်ဂေါ)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ချားလ်ဘုရင်-၃ ၏ နန်းတက်ပွဲကို ၂၀၂၃ ခုနှစ် မေလတွင် ကျင်းပမည်

**လန်ဒန် အောက်တိုဘာ ၁၂**

ချားလ်ဘုရင်-၃ ၏ တရားဝင် နန်းတက်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ် မေလတွင် လန်ဒန်မြို့ ဝက်စ်မင်စတာဘုရားကျောင်း၌ ကျင်းပရန် ဗြိတိန်အစိုးရက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သော နှစ် ၁၀၀၀ ကျော်ကပင် ဗြိတိန်မင်းဆက်များလိုက်နာကျင့်သုံးခဲ့သော အစဉ်အလာအတိုင်း ချားလ်ဘုရင်-၃၏ နန်းတက်ဘိသိက်ခံပွဲကို ဝက်စ်မင်စတာဘုရားကျောင်း၌ ၂၀၂၃ ခုနှစ် မေ ၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဘက်ကင်ဟမ်နန်းတော်က ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

အသက်၇၃ နှစ်ရှိ ချားလ်ဘုရင်-၃ သည် မယ်တော် ဘုရင်မ အဲလစ်ဇဘက်-၂ ပြီးခဲ့သည့်လအတွင်း နတ်ရွာစံပြီးနောက် ဗြိတိန်ထီးနန်းကို ဆက်ခံခဲ့သည်။

အင်္ဂလိပ် ဘုရင်၊ ဘုရင်မများ နောက်ပိုင်းတွင် ဘုရင်ဝီလျံ လက်ထက် ၁၀၆၆ ခုနှစ်မှစ၍ ဝက်စ်မင်စတာဘုရားကျောင်းတွင် နန်းတက်ပွဲများ စတင်ကျင်းပခဲ့ကြသည်။

ချားလ်ဘုရင်-၃ သည် ဝီလျံဘုရင်မှ စတင်ရေတွက်ပါက ၄၀ ဦးမြောက် ဗြိတိန်ဘုရင်ဖြစ်ပြီး နန်းရချိန်တွင် အသက်အကြီးဆုံး ဘုရင်အဖြစ်လည်း မှတ်တမ်းဝင်ထားသည်။

ချားလ်ဘုရင်-၃ သည် ဗြိတိန်ဘုရင်သစ်အဖြစ် နိုင်ငံတော်အကြီးအကဲသာမက ဩစတြေးလျ၊ ကနေဒါနှင့် နယူးဇီလန်အပါအဝင် ဓနသဟာယနိုင်ငံ ၁၄ နိုင်ငံတို့၏ နိုင်ငံတော်အကြီးအကဲလည်း ဖြစ်ကြောင်း သိရသည်။

KKO

## ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်သစ်များ အထွေထွေညီလာခံ၌ မဲခွဲရွေးချယ်



ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်သစ် မဲခွဲရွေးချယ်ပွဲတွင် တောင်ကိုရီးယားနှင့် ဗင်နီဇွဲလားနိုင်ငံတို့မှာ အဖွဲ့ဝင်နေရာများ ဆုံးရှုံးခဲ့ပြီး ဂျာမနီနှင့် ဘူတန်နိုင်ငံတို့မှာ ဒုတိယသက်တမ်းအတွက် ဆက်လက်ရွေးချယ်ခံခဲ့ရသည်။

အဖွဲ့ဝင်နိုင်ငံ ၄၇ နိုင်ငံရှိသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်များကို ကမ္ဘာ့ပထဝီနယ်မြေအုပ်စုများပိုင်းခြား၍ ရွေးချယ်ခြင်းဖြစ်သည်။

**နယူးယောက် အောက်တိုဘာ ၁၂**

ကုလသမဂ္ဂ အထွေထွေညီလာခံသည် အောက်တိုဘာ ၁၁ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအတွက် အဖွဲ့ဝင်နိုင်ငံသစ်များကို မဲခွဲရွေးချယ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အထွေထွေညီလာခံ မဲခွဲပွဲရလဒ်အရ တောင်အာဖရိက၊ အယ်လ်ဂျီးရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ချီလီ၊ ကော်စတာရီကာ၊ ဂျော်ဂျီယာ၊ ကာဂျစ်စတန်၊ မော်လ်ဒိုက်၊ မော်ရိုကို၊ ရိုမေးနီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှာ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် နိုင်ငံသစ်များ ဖြစ်လာကြောင်း သိရသည်။

အဆိုပါနိုင်ငံများသည် ၂၀၂၃ ခုနှစ်ဇန်နဝါရီ ၁ရက်မှစ၍ သက်တမ်းသုံးနှစ်ရှိ လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ နေရာကို စတင်ရယူရမည်ဖြစ်သည်။

အောက်တိုဘာ ၁၁ ရက် မဲခွဲပွဲတွင် လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်သစ်များကို အာရှ- ပစိဖိတ် နိုင်ငံများအုပ်စုနှင့် လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသနိုင်ငံများအုပ်စုတို့မှ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံ၏ အိတ်စ်-၂ မိုးပျံမော်တော်ယာဉ် ဒူဘိုင်းမြို့၌ မိနစ် ၉၀ ကြာ ပျံသန်း

**ဒူဘိုင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံ၏ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် (X Peng) က တည်ဆောက်ထားသော မိုးပျံမော်တော်ကားသည်အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့၌ အောက်တိုဘာ ၁၀ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် စွမ်းရည်ပြ ပျံသန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိတ်စ်-၂အမည်ရှိ အဆိုပါ လျှပ်စစ်စွမ်းအင်သုံး မိုးပျံမော်တော်ယာဉ်သည် ပန်ကာရှစ်လုံး၏ အကူအညီဖြင့် အတက်အဆင်းလုပ်နိုင်သော နှစ်ယောက်စီးယာဉ်ဖြစ်သည်။

အိတ်စ်-၂ မိုးပျံမော်တော်ယာဉ်သည် အောက်တိုဘာ ၁၀ ရက်တွင် လူလိုက်ပါခြင်းမရှိဘဲ မိနစ်၉၀ ကြာ စွမ်းရည်ပြ ပျံသန်းခဲ့သည်။

(X Peng)ကုမ္ပဏီသည် အိတ်စ်-၂ မိုးပျံမော်တော်ယာဉ်များကို နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချရန် ရည်ရွယ်ထားသည်။

မိမိတို့အနေဖြင့် အိတ်စ်-၂ မိုးပျံမော်တော်ယာဉ်များဖြင့်နိုင်ငံတကာ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်ဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် အဆင့်ဆင့်ကြိုးစားနေကြောင်း (X Peng) ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားထားသည်။

(X Peng)ကုမ္ပဏီသည်ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့ကို မျိုးဆက်သစ်မိုးပျံကားများအတွက် အရေးကြီးသည့် ဈေးကွက်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ KKO



## လာမည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ပြန်လည်လျှော့ချ

**ဝါရှင်တန် အောက်တိုဘာ ၁၂**

လာမည့် ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ခန့်မှန်းချက်ကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က အောက်တိုဘာ ၁၁ ရက်တွင် ပြန်လည်လျှော့ချခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ပြန်သည့် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း ခန့်မှန်းချက်သစ်တွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းသာရှိနိုင်ကြောင်း အိုင်အမ်အက်ဖ်က ခန့်မှန်းထားသည်။

ယခုနှစ်ဇူလိုင်လအတွင်း ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းခန့်မှန်းချက်တွင် ၂၀၂၃ ခုနှစ် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းကို ၂ ဒသမ ၉ ရာခိုင်နှုန်းအဖြစ် အိုင်အမ်အက်ဖ်က သတ်မှတ်ထားသည်။

သို့သော် ယူကရိန်းစစ်ပွဲပြဿနာ၊ ငွေကြေးတန်ဖိုး ဖောင်းပွမှုဖိအားနှင့် ကိုဗစ်-၁၉ ရောဂါကပ်ဘေးအကျိုးဆက်များကြောင့် ၂၀၂၃ ခုနှစ် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၂ ဒသမ ၇ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ရခြင်းဖြစ်ကြောင်း အိုင်အမ်အက်ဖ် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

၂၀၂၃ ခုနှစ်သည် ကမ္ဘာတစ်ဝန်းရှိ လူအများအပြားအတွက် စီးပွားရေးအကျပ်ဆိုက်သည့် နှစ်တစ်နှစ်




ဖြစ်လာနိုင်ကြောင်းအိုင်အမ်အက်ဖ်၏အစီရင်ခံစာ၌သုံးသပ်ထားသည်။

အိုင်အမ်အက်ဖ်သည် အောက်တိုဘာ ၁၁ ရက်တွင် အမေရိကန်နိုင်ငံ၊ တရုတ်နှင့်ဥရောပတို့၏ ၂၀၂၃စီးပွားရေးဖွံ့ဖြိုးမှုနှုန်းများကိုလည်းလျှော့ချခဲ့ကြောင်း သိရသည်။

KKO

## ပစိဖိတ်ဖြတ်ကုန်သွယ်ရေးမိတ်ဖက် သဘောတူညီချက်၌ ပါဝင်ရန် ချီလီလွှတ်တော် အတည်ပြု

**ဆန်တီယာဂို အောက်တိုဘာ ၁၂**

ပစိဖိတ်ဖြတ်ကုန်သွယ်ရေးမိတ်ဖက် သဘောတူညီချက် (စီပီတီပီပီ)ကို ချီလီလွှတ်တော်က အောက်တိုဘာ ၁၁ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

စီပီတီပီပီ သဘောတူညီချက်၌ ချီလီနိုင်ငံပါဝင်ရေးအတွက် လေးနှစ်ကြာဆွေးနွေးပြီးနောက် ယင်းသဘောတူညီချက်ကို ချီလီလွှတ်တော်က အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ချီလီအထက်လွှတ်တော် မဲခွဲပွဲတွင် စီပီတီပီပီသဘောတူညီချက်၌ ချီလီနိုင်ငံပါဝင်ရေးကို အထက်လွှတ်တော်အမတ် ၂၇ ဦးတို့က ထောက်ခံမဲပေးခဲ့ပြီး ၁၀ ဦးကန့်ကွက်မဲပေး၍ တစ်ဦးပါဝင်မဲထည့်မှုမရှိခဲ့ကြောင်း သိရသည်။

စီပီတီပီပီ သဘောတူညီချက်သည် အစိုးရအဖွဲ့ရှေ့လုပ်ငန်းစဉ်များ၌ ပါဝင်မှုမရှိကြောင်း၊ မိမိတို့အနေဖြင့် ယင်းသဘောတူညီချက်ကို အားပေးမြှင့်တင်မည် မဟုတ်သလို ကန့်ကွက်ပိတ်ပင်မှုလည်း ပြုလုပ်မည်မဟုတ်ကြောင်း ချီလီအစိုးရက ပြောကြားထားသည်။

အဖွဲ့ဝင် ၁၁ နိုင်ငံရှိသည့် စီပီတီပီပီကုန်သွယ်ရေး သဘောတူညီချက်၌ ပါဝင်ရန် သင့်၊ မသင့် ကိစ္စသည် ချီလီနိုင်ငံအတွက် နိုင်ငံရေးပြဿနာတစ်ရပ်ဖြစ်သည်။

စီပီတီပီပီ သဘောတူညီချက်တွင် ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ပီရူး၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ပြီး အမေရိကန်နိုင်ငံကမူ ၂၀၁၇ ခုနှစ်တွင်နုတ်ထွက်ခဲ့ကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းနိုင်ငံအတွက် အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပံ့ပိုးပေးသွားမည်ဟု ဘိုင်ဒင်ပြောကြား



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် အောက်တိုဘာ ၁၀ ရက်က ဖုန်းဖြင့်ဆွေးနွေးခဲ့စဉ် အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးစနစ်များအပါအဝင် ယူကရိန်းနိုင်ငံအတွက် လုံခြုံရေးအကူအညီများ ဆက်လက်ပေးအပ်သွားရန် အာမခံချက်ပေးခဲ့ကြောင်း ဝါရှင်တန် အိမ်ဖြူတော်၏ထုတ်ပြန်ချက်တွင်ပါရှိသည်။

ယူကရိန်းတွင် ကီယက်ဗ်မြို့အပါအဝင် နေရာအနှံ့ ရုရှား၏ ဒုံးကျည်ပစ်လွှတ်တိုက်ခိုက်မှုကို အမေရိကန်သမ္မတက ရှုတ်ချကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးစနစ်တွေအပါအဝင် ယူကရိန်းနိုင်ငံကို ခုခံကာကွယ်ဖို့ လိုအပ်တဲ့အထောက်အပံ့တွေ ဆက်လက်ပေးအပ်သွားမယ်လို့ သမ္မတဘိုင်ဒင်က ကတိပြုခဲ့ပါတယ်"ဟု အိမ်ဖြူတော်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ရုရှားအတွက် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ဆက်လက်ချမှတ်ရန် မဟာမိတ်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်လက်ထိတွေ့ဆက်ဆံမှုကိုလည်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် လုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးတွင် ယူကရိန်းစွမ်းအင်၊ စစ်ရေးကွပ်ကဲမှုနှင့် ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများအပေါ် ပြင်းထန်သောတိုက်ခိုက်မှုတစ်ရပ် လုပ်ဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ အကယ်၍ ယူကရိန်းနိုင်ငံက ရုရှားနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ပါက ပြင်းထန်သောတုံ့ပြန်မှုမျိုးဖြင့် ရင်ဆိုင်ရလိမ့်မည်ဟု ပူတင်က သတိပေးပြောကြားခဲ့သည်။

ပိတ်ဆို့အရေးယူမှုများ အပါအဝင် ရုရှားအပေါ် ဖိအားများတိုးမြှင့်ရန်နှင့် အနောက်အုပ်စုကလည်း ယူကရိန်းကို လိုအပ်သမျှကာလပတ်လုံး ပံ့ပိုးကူညီရန် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

"ကီယက်ဗ်အပါအဝင် ယူကရိန်းနိုင်ငံတစ်လွှား ရုရှားရဲ့ဒုံးကျည်ပစ်လွှတ်မှုကို အမေရိကန်က ပြင်းပြင်းထန်ထန်ရှုတ်ချပါတယ်"ဟု ဘိုင်ဒင်က ပြောကြားခဲ့သည်။ ထိုတိုက်ခိုက်မှုများသည် စစ်ရေးရည်ရွယ်ချက်မရှိသည့်ပစ်မှတ်များကို ဖျက်ဆီးပစ်ခဲ့ကြောင်း ၎င်းက အခိုင်အမာဆိုသည်။ ရုရှားကို မနာလိုသောရန်လိုမှုနှင့် ရုရှားတပ်များကို ယူကရိန်းမှ ဖယ်ရှား၊ ဆုတ်ခွာပေးရန် ဘိုင်ဒင်က တောင်းဆိုခဲ့သည်။

**Biden tells Zelensky US will provide advanced air defense systems to Ukraine ကို ဘာသာပြန်ဆိုပါသည်။**

## ပိုလန်နိုင်ငံသားများကို ဘီလာရုစ်နိုင်ငံမှထွက်ခွာရန် ပိုလန်အစိုးရ တိုက်တွန်း

ဘီလာရုစ်နိုင်ငံရှိ ပိုလန်နိုင်ငံသားများသည် ရရှိနိုင်သောသီးသန့်နည်းလမ်းများဖြင့် နိုင်ငံမှထွက်ခွာသင့်သည်ဟု ပိုလန်အစိုးရက အောက်တိုဘာ ၁၀ ရက်က ၎င်း၏ဝက်ဘ်ဆိုက်တွင် ခရီးသွားများအတွက် လမ်းညွှန်ချက်ဖြင့် သတိပေးထားသည်။

ပိုလန်သည် လွန်ခဲ့သည့်လက ရုရှားတွင် ပေါလ် (poles) လူမျိုးများအတွက် အလားတူလမ်းညွှန်ချက်ကို ထုတ်ပြန်ခဲ့ဖူးသည်။ ရုရှားနှင့် ယူကရိန်းကြားပဋိပက္ခများ ပြင်းထန်လာချိန်တွင် မော်စကိုသည် ရုရှားပြည်မကြီးနှင့် ကျွန်းဆွယ်ကိုဆက်သွယ်ပေးသည့် တစ်ခုတည်းသော ကရိုင်းမီးယားတံတားကို ကီယက်ဗ်က အကြမ်းဖက်တိုက်ခိုက်ခဲ့မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် ယူကရိန်းမြို့ကြီးအများအပြားရှိ အခြေခံအဆောက်အအုံများကို တိုက်ခိုက်ဖြိုခွင်းခဲ့ပြီးနောက် သတိပေးချက်ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

ဘီလာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှန်က ယူကရိန်းနိုင်ငံသည် အလားတူအကြမ်းဖက် တိုက်ခိုက်မှုမျိုးပြုလုပ်ရန် ကြံစည်နေသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ အနောက်တိုင်းရှိ ကီယက်ဗ်၏ သခင်များသည် ၎င်းတို့ကို ရန်လိုမှုများ နှိုးဆွပေးနေသည်ဟု ပြောကြားခဲ့သည်။ ကြိုတင်ပြင်ဆင်မှုအနေဖြင့် ဘီလာရုစ်နိုင်ငံတွင် တံတားတိုက်ခိုက်မှုကဲ့သို့ မည်သည့်အရာမဆို လုပ်ဆောင်ခဲ့ပါက ယူကရိန်းနယ်စပ်အနီးတွင် တပ်ဖွဲ့ဝင် ၁၅၀၀၀ စုဆောင်းထားကြောင်း ယူကရိန်းသမ္မတနှင့် အခြားသူများထံ အသိပေးထားခြင်းဖြစ်သည်။

ပိုလန်သည် လုံခြုံသောနိုင်ငံဖြစ်ကြောင်း အစိုးရက ဖုံးအမိုးအကာ ၆၂၀၀၀ ခန့်ကို စတင်စစ်ဆေးနေချိန်၌ ကျွန်ုပ်တို့သည် ဤစစ်ပွဲတွင် ပါဝင်သူများမဟုတ်ဟု ပိုလန်က အခိုင်အမာပြောဆိုခဲ့သည်။ အရှေ့ဥရောပနိုင်ငံသည် ရုရှားနှင့် ၎င်း၏ မဟာမိတ်ဘီလာရုစ်နိုင်ငံကို ဆန့်ကျင်သည့်စီးပွားရေးနှင့် စစ်ရေးဆောင်ရွက်မှုများကိုပင် အပြင်းထန်ဆုံးထောက်ခံအားပေးသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။ ရုရှားနိုင်ငံသားများကို ဗီဇာထုတ်ပေးခြင်းရပ်တန့်ခဲ့သည့် ပထမဆုံး EU နိုင်ငံများထဲက တစ်နိုင်ငံဖြစ်ပြီး သမ္မတ Andrzej Duda က ၎င်းနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ နျူကလီးယားမျှဝေရေးအစီအစဉ်တွင် ပါဝင်သင့်သည်ဟု ပြီးခဲ့သောသီတင်းပတ်က အကြံပြုခဲ့သည်။ ၎င်းတွင် ဝါရှင်တန်က NATO မဟာမိတ်များပိုင်နက်တွင် ကိုယ်ပိုင်နျူကလီးယားများကို စခန်းချကာ နျူကလီးယား တိုက်ပွဲဝင်အသင့်ဖြစ်ရေးကို ပြည်ပတွင် ဖြန့်ကြက်လုပ်ဆောင်ထားခြင်းလည်းဖြစ်သည်။




**Poland urges citizens to leave Belarus ကို ဘာသာပြန်ဆိုပါသည်။**

## ရုရှားနိုင်ငံက အီရန်မောင်းသူမဲ့လေယာဉ်များဝယ်ယူပြီး တိကျမှုမြင့်မားသောဒုံးကျည်များကိုချွေတာ

ရုရှားသည် အီရန်ထုတ်မောင်းသူမဲ့လေယာဉ်များ ဝယ်ယူပြီး ရုရှားနှင့် အီရန်တို့ကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာစေပြီး ဒေါ်လာသန်းပေါင်းများစွာကုန်ကျသည့် တိကျမှုမြင့်မားသောဒုံးကျည်များကို ချွေတာခဲ့ကြောင်း ယူကရိန်းလေတပ်မှ ပြောရေးဆိုခွင့်ရှိသူ YuriyIhnat က ပရဟိတရန်ပုံငွေတောင်းခံရေးအစီအစဉ်တစ်ခုတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း Ukrinform သတင်းဌာနက ဖော်ပြခဲ့သည်။




"ဟုတ်ပါတယ်။ ဒီဒေသမှာ အီရန်နဲ့ ပူးပေါင်းဆောင်ရွက်မှုက UAV တွေ ဝယ်ယူမှုတွေနဲ့ တိုက်ရိုက်သက်ဆိုင်ပါတယ်။ မောင်းသူမဲ့လေယာဉ်တွေမှာ Shahed-136 သာမက Shahed-129 နှင့် Mohajer-6 တွေလဲပါဝင်ပါတယ်။ ၎င်းတို့ဟာ ကာမီကာဇေအသေခံဒရုန်းမဟုတ်တဲ့ တိုက်ခိုက်ရေးဒရုန်းတွေဖြစ်ပြီး လုပ်ဆောင်ချက်များစွာပါရှိပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံဟာ ဒုံးကျည်အရေအတွက်အကန့်အသတ်ရှိတာကြောင့် ဒီမောင်းသူမဲ့လေယာဉ်တွေဝယ်ယူဖို့ တွန်းအားပေးလုပ်ဆောင်ခဲ့ပါတယ်။ Kh-101၊ Kalibr၊ Kh-555 နဲ့ Iskander လို တိကျမှုမြင့်မားတဲ့ ဒုံးကျည်တွေဟာ ဈေးကြီးပြီး ဒေါ်လာသန်းပေါင်းများစွာတန်ကြေးရှိတဲ့ ဒုံးကျည်တွေဖြစ်ပါတယ်"ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

Ihnat ၏အဆိုအရ အထူးသဖြင့် Kalibr ဒုံးကျည်တစ်စင်းသည် အမေရိကန်ဒေါ်လာ ၆ သန်းခန့်ကုန်ကျပြီး Kh-101 ဒုံးကျည်တစ်စင်းသည် ဒေါ်လာ ၁၃ သန်းခန့်ကုန်ကျသည်ဟုသိရှိရသည်။ ထို့ပြင် အဆိုပါဒုံးကျည်များသည် နျူကလီးယားထိပ်ဖူးများကို သယ်ဆောင်နိုင်သောကြောင့် ရုရှားနိုင်ငံသည် ယူကရိန်းသာမက အနောက်နိုင်ငံကိုပါ ခြိမ်းခြောက်ရန်အတွက် ၎င်းတို့ကို ချွေတာအသုံးပြုသွားမည်ဖြစ်သည်။ ထို့ကြောင့် ယခုအခါ ရုရှားနိုင်ငံသည် ဈေးပေါသော Shahed-136 ဒရုန်းများကို အသုံးပြုနေပြီဟု Ihnat မှ ရှင်းပြခဲ့သည်။

အီရန်မောင်းသူမဲ့လေယာဉ်များသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ တိုက်ပွဲဝင်အသင့် ပြင်ဆင်မှုကိုလည်း အာမခံနိုင်ပြီး လမ်းကြောင်းအမျိုးမျိုးတွင် ဖြန့်ကြက်အသုံးပြုနိုင်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ယူကရိန်းနိုင်ငံသည် ယခုအခါ မတူညီသောအမြင့်အမျိုးမျိုးနှင့် လားရာလမ်းကြောင်းများတွင် ရန်သူ UAV များကို ဖျက်ဆီးနိုင်သည့် ပိုမိုအားကောင်းသောလေကြောင်းရန်ကာကွယ်ရေးစနစ်များပံ့ပိုးပေးရန် အနောက်နိုင်ငံများကို တောင်းဆိုထားကြသည်။

ယူကရိန်းနိုင်ငံ Ukrinform သတင်းဌာနကအစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အောက်တိုဘာ ၅ ရက် ညတွင်းချင်း Kyiv ဒေသရှိ Bila Tserkva မြို့ကို Shahed-136 kamikaze ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့သည်။ အခြေခံအဆောက်အအုံအများအပြားတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ ယူကရိန်းကို တိုက်ခိုက်ခဲ့သော Shahed-136 kamikaze မောင်းသူမဲ့လေယာဉ်များသည် နိုင်ငံတောင်ပိုင်းမှ ပျံသန်းလာခဲ့သည်ဟုဆိုသည်။

**Russia uses cheap Iranian drones to save on high-precision missiles ကို ဘာသာပြန်ဆိုပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

# မန်စီးတီးအသင်း အုပ်စုပွဲစဉ်များမပြီးဆုံးမီ ရှုံးထွက်အဆင့်သို့ တက်ရောက်

**ဇူးရစ် အောက်တိုဘာ ၁၂**

၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းသည် ယနေ့ နံနက်ပိုင်းက ကစားခဲ့သည့် ကိုပင်ဟေဂင်အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း အုပ်စုပွဲစဉ်များ မပြီးဆုံးမီ (၁၆)သင်း ရှုံးထွက်အဆင့်သို့ ပထမဆုံးတက်ရောက်ခဲ့သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု Opta.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မန်စီးတီးအသင်းသည် ကိုပင်ဟေဂင်အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း လေးပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၀ မှတ်ရရှိခဲ့ကာ အုပ်စုပထမနေရာတွင်ရပ်တည်နိုင်ခဲ့ပြီးနောက် အုပ်စုလက်ကျန် နှစ်ပွဲကစားရန် ကျန်ရှိသည့်အချိန်တွင် (၁၆)သင်း ရှုံးထွက်အဆင့်သို့ ပထမဆုံး တက်ရောက်နိုင်ခဲ့သည့် အသင်းဖြစ်လာခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စု (G) တွင် မန်စီးတီးအသင်းသည် ဒေါ့မွန်အသင်း၊ ဆီဗီလာအသင်းနှင့် ကိုပင်ဟေဂင် အသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်နေပြီး လေးပွဲကစားပြီး နှစ်ပွဲကစားရန် ကျန်ရှိသည့်အချိန်တွင် မန်စီးတီးအသင်းက ရမှတ် ၁၀ မှတ်ရရှိထားပြီး ဒေါ့မွန်အသင်းက ခုနစ်မှတ်၊ ဆီဗီလာအသင်းနှင့် ကိုပင်ဟေဂင်အသင်းတို့က နှစ်မှတ်စီသာရရှိထားသည့်အတွက် အုပ်စုတတိယနေရာမှ ဆီဗီလာအသင်းနှင့် ရမှတ် ရှစ်မှတ်ထိ ကွာဟနေသည့်အခြေအနေကြောင့် မန်စီးတီးအသင်းက လက်ကျန်ပွဲစဉ်များအားလုံး ရှုံးနိမ့်ခဲ့လျှင်လည်း(၁၆)သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

မန်စီးတီးအသင်းသည် အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၆ ရက်တွင် ဒေါ့မွန်အသင်းနှင့်လည်းကောင်း၊ နိုဝင်ဘာ ၃ရက်တွင် ဆီဗီလာအသင်းနှင့်လည်းကောင်း အသီးသီးကစားသွားရမည်ဖြစ်ပြီး ဒေါ့မွန်အသင်းနှင့် သရေရလဒ်ရရှိခဲ့လျှင်ပင် အုပ်စုပထမဖြင့် (၁၆)သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

STA



# လိုက်မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအတွက် လက်ရှိချန်ပီယံ ဒင်းနစ်ဟိုဂန်က မက်ဂရီဂေါ်ကို စိန်ခေါ်

**လန်ဒန် အောက်တိုဘာ ၁၂**


IBO လိုက်မစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံ အိုင်ယာလန် လက်ဝှေ့သမား ဒင်းနစ်ဟိုဂန်သည် လက်ရှိ ချန်ပီယံကာကွယ်ပွဲစဉ်အတွက် MMA လောကမှလက်ဝှေ့လောကသို့ ကူးပြောင်းလာသည့် အိုင်ယာလန်နိုင်ငံသား မက်ဂရီဂေါ်ဖြင့် ထိုးသတ်သွားရန် စိန်ခေါ်မှုပြုလုပ်ခဲ့ကြောင်း Sport Bible သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒင်းနစ်ဟိုဂန်သည် လက်ရှိ ဩစတြေးလျနိုင်ငံတွင် နေထိုင်သူတစ်ဦးဖြစ်ပြီး ပြီးခဲ့သော အောက်တိုဘာ ၈ ရက်က IBO လိုက်မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဗြိတိန်လက်ဝှေ့သမား အက်ဂင်တန်နှင့် ဩစတြေးလျနိုင်ငံ နယူးကာဆယ်မြို့၌ ထိုးသတ်ခဲ့ရာ အမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး IBO လိုက်မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။

ကမ္ဘာ့ချန်ပီယံ တစ်ဦးအဖြစ် ရပ်တည်ခွင့်ရခဲ့ပြီးနောက် MMA လောကတွင် ကမ္ဘာ့ချန်ပီယံခါးပတ်များဆွတ်ခူးနိုင်ခဲ့သော တစ်နိုင်ငံတည်းသားဖြစ်သူ မက်ဂရီဂေါ်ကို ကြိုးဝိုင်းအတွင်း ရင်ဆိုင်သွားရန်နှင့် လက်ရှိ ကမ္ဘာ့ချန်ပီယံကို ကာကွယ်ထိုးသတ်သွားရန် အဆင်သင့်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။

ဒင်းနစ်ဟိုဂန်က "ကျွန်တော်အခု ဩစတြေးလျမှာ နေထိုင်နေသလို လက်ဝှေ့စိန်ခေါ်ပွဲတွေကိုလဲ ဩစတြေးလျမှာပဲ ထိုးသတ်ဖြစ်နေတယ်။ ကျွန်တော့်အနေနဲ့မွေးရပ်မြေ အိုင်ယာလန်နိုင်ငံမှာ ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲထိုးသတ်သွားချင်တယ်။ မက်ဂရီဂေါ်အနေနဲ့ ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲထိုးသတ်နိုင်မဲ့ အခွင့်အရေးရှိသလားဆိုတော့ ရှိပါတယ်။ သူ့ဘက်ကလက်ခံမယ်ဆိုရင် ကျွန်တော့်ဘက်က လက်ခံသွားဖို့ အဆင်သင့်ပါပဲ။ အိုင်ယာလန်နိုင်ငံမှာ မက်ဂရီဂေါ်နဲ့ ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ် ထိုးသတ်သွားချင်တယ်။ ပရော်ဖက်ရှင်နယ်လောကထဲ ရောက်လာခဲ့ပြီးနောက်ပိုင်း အိုင်ယာလန်မှာ တစ်ပွဲမှမထိုးသတ်ရသေးဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL






# ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း လေ့ကျင့်ရေးအစီအစဉ်နှင့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များကစားရန် အာဆင်နယ်အသင်း ပြင်ဆင်

**လန်ဒန် အောက်တိုဘာ ၁၂**

ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း အမှတ်ပေးပြိုင်ပွဲများကို ရပ်နားထားမည် ဖြစ်သော်လည်း အာဆင်နယ်အသင်းက ကမ္ဘာ့ဖလားတွင် ပါဝင်ခွင့်မရသည့်ကစားသမားများဖြင့် ဒူဘိုင်းသို့သွားရောက်၍ လေ့ကျင့်ရေး အစီအစဉ်နှင့် ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်များ ကစားရန် ပြင်ဆင်နေကြောင်း Daily Cannon သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ်အသင်း တာဝန်ရှိသူများအနေဖြင့် လာမည့် ဒီဇင်ဘာလအစောပိုင်းတွင် ဒူဘိုင်းသို့ စတင်ထွက်ခွာမည်ဖြစ်ကာ လလယ်ပိုင်းလောက်တွင် အဆိုပါနိုင်ငံ၌ လေ့ကျင့်ရေးအစီအစဉ်များပြုလုပ်၍ ထိပ်သီးကလပ်အသင်းများနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲစဉ်များ ကစားသွားရန်စီစဉ်နေပြီး ဒူဘိုင်းမှ အင်္ဂလန်သို့ ပြန်လည်ရောက်ရှိချိန်တွင်လည်း ဝက်စ်ဟမ်းအသင်းနှင့် အမှတ်ပေးပြိုင်ပွဲမကစားမီ ခြေစမ်းပွဲ ထပ်မံကစားရန်ပြင်ဆင်ထားသည်။

အာဆင်နယ်အသင်း တာဝန်ရှိသူများက ဘောက်ဆင်ဒေးကာလမတိုင်မီ ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း အသင်းတွင်ကျန်ရှိသည့် ကစားသမားများကို ခြေစွမ်းပိုင်းကျဆင်းသွားခြင်းမရှိစေရန်အတွက် အနည်းဆုံးပြိုင်ပွဲ တစ်ပွဲ သို့မဟုတ် နှစ်ပွဲခန့် ကစားခွင့်ရရှိရန် ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ကိုးပွဲကစားပြီးချိန်တွင် ရှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၂၄ မှတ်ရရှိကာ ဒုတိယနေရာမှ မန်စီးတီးအသင်းကို ရမှတ်တစ်မှတ်အသာဖြင့်ဦးဆောင်နေပြီး အိမ်ကွင်း ရှုံးပွဲမရှိသေးသည့် မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း ပိုင်ဆိုင်ထားကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- စပါးအသင်းက တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် ဘရန့်ဖို့ဒ်တိုက်စစ်မှူး တိုနေးကို ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။
- မန်ယူအသင်းကိုဝယ်ယူမည့် အမေရိကန်သူဌေး ရက်ကလစ်ဖ်၏ကမ်းလှမ်းမှုကို အသင်းပိုင်ရှင်ဂလေဇာမိသားစုက ပယ်ချခဲ့ကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းက လီဗာပူးအသင်းမှ ဆာလာဟ်ကို ခေါ်ယူရန်အတွက် ကစားသမားတစ်ဦး အလိုက်ပေးကမ်းလှမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- လာမည့် ဇန်နဝါရီလတွင်ကျင်းပမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရုရှားနှင့် ဘီလာရုစ်ကစားသမားများကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ဆားဘီးယားကစားသမား ဂျိုကိုဗစ်ကိုလည်း နိုင်ငံအတွင်း ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း တင်းနစ်အမှုဆောင်ဒါရိုက်တာ ခရက်တယ်လီက ပြောကြားခဲ့သည်။

ML

# Play-off ဗိုလ်လုပွဲစဉ်တွင် စကော့တလန်အမျိုးသမီးအသင်းကို အနိုင်ယူ၍ အိုင်ယာလန်အမျိုးသမီးအသင်း ကမ္ဘာ့ဖလားဝင်ခွင့်ရ

**ဂလက်စဂိုး အောက်တိုဘာ ၁၂**

၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲစဉ်တွင် Play-off ကစားခဲ့ရသည့် အိုင်ယာလန် အမျိုးသမီးအသင်းအနေဖြင့် ဗိုလ်လုပွဲစဉ်တွင် စကော့တလန်အမျိုးသမီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူ၍ ပထမဆုံးကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိုင်ယာလန်အမျိုးသမီးအသင်းသည် ဥရောပဇုန်ခြေစစ်ပွဲအုပ်စု(A) တွင် ဆွီဒင်၊ ဖင်လန်၊ ဆလိုဗက်ကီးယား၊ ဂျော်ဂျီယာတို့နှင့်ကစားခဲ့ရပြီး အုပ်စုပွဲစဉ်များ ပြီးဆုံးချိန်တွင် အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သဖြင့် Play-off ကစားခွင့် ရရှိခဲ့သော်လည်း အကောင်းဆုံး သုံးသင်းတွင် ပါဝင်နေသဖြင့် ဗိုလ်လုပွဲမှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး စကော့တလန်အသင်းနှင့် တွေ့ဆုံခဲ့ရာ တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သောကြောင့် ပထမဆုံးကမ္ဘာ့ဖလားယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဩစတြီးယားအသင်းကို အနိုင်ယူ၍ ဗိုလ်လုပွဲ တက်ရောက်လာသည့် စကော့တလန်အသင်းအနေဖြင့် အိမ်ရှင်အားသာချက်ဖြင့် နိုင်ပွဲရရှိရန် ကြိုးပမ်းခဲ့သော်လည်း အိုင်ယာလန်အသင်း၏ ခံစစ်ပိုင်းကို ဖြတ်ကျော်နိုင်ခြင်းမရှိဘဲ ပွဲချိန် ၇၂ မိနစ်တွင် ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီး တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်၍ ကမ္ဘာ့ဖလားယှဉ်ပြိုင်ခွင့်နှင့် လွဲချော်ခဲ့ရကြောင်း သိရသည်။



ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် ရန်ကုန်ယူနိုက်တက်အသင်းက မြဝတီအက်ဖ်စီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**လန်ဒန် အောက်တိုဘာ ၁၂**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)အဖြစ် ယနေ့ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစတည်းက ရန်ကုန်ယူနိုက်တက် အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ကစားနိုင်ခဲ့သော်လည်း မြဝတီ အက်ဖ်စီအသင်းကလည်း ခံစစ်ပိုင်းကို အကောင်းဆုံးအားပြုကာ တန်ပြန်တိုက်စစ်မှတစ်ဆင့် ရန်ကုန်ယူနိုက်တက်အသင်း ခံစစ်ကို အခက်တွေ့အောင် ပြန်လည်ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးများအတွက် ပိုမိုတိုက်စစ်မြှင့်တင် ကစားလာခဲ့မှုကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ၄၉ မိနစ်တွင် ပြည်ပကစားသမား ဗယ်ဆီဂျူနီယာက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက်ပိုင်း မြဝတီအက်ဖ်စီအသင်းက တိုက်စစ်ဖွင့် ကစားခဲ့မှုကြောင့် ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်ဆင်မှုထက် ချေပဂိုးပြန်လည်မပေးရရေးအတွက် ခံစစ်ပိုင်းကို ပိုမိုသတိထားကစားခဲ့သောကြောင့် မြဝတီအက်ဖ်စီ အသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ဗယ်ဆီဂျူနီယာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် မြဝတီအက်ဖ်စီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# Zozo Championship ပြိုင်ပွဲ ချန်ပီယံမက်ဆူယာမာ ပါဝင်ယှဉ်ပြိုင်မည်

**တိုကျို အောက်တိုဘာ ၁၂**

ဂျပန်နိုင်ငံတွင် အောက်တိုဘာ ၁၃ ရက်၌ ကျင်းပမည့် PGA Tour ပြိုင်ပွဲဖြစ်သည့် Zozo Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ မက်ဆူယာမာက ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်ဟု Japan Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆူယာမာသည် PGA Tour မှ တားမြစ်ထားသည့် LIV Golf Series ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ဂေါက်သီးရိုက်ကစားသမား၏ ရမှတ်များကို ကမ္ဘာ့အဆင့်တွင် ထည့်သွင်းသတ်မှတ်ပေးသင့်ကြောင်း တိုက်တွန်းပြောကြားထားသူဖြစ်သည်။

မက်ဆူယာမာ၏ တိုက်တွန်းချက်နှင့်ပတ်သက်ပြီး PGA Tour က တစ်စုံတစ်ရာမှတ်ချက်ပြုခဲ့ခြင်း မရှိကြောင်း သိရသည်။

မက်ဆူယာမာအနေဖြင့် LIV Golf Series ဂေါက်သီးရိုက်ပြိုင်ပွဲကို ထောက်ခံသူဖြစ်သော်လည်း မက်ဆူယာမာကို Zozo Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။

မက်ဆူယာမာအနေဖြင့် LIV Golf Series ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ထားခြင်းမရှိသေးသည့်အတွက်ကြောင့်လည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

မက်ဆူယာမာက "မွေးရပ်မြေမှာကျင်းပတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်သလို ကျွန်တော့်ကို မှတ်တမ်းကောင်းတစ်ရပ်ရရှိစေခဲ့တဲ့ Zozo Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ Zozo Championshipဂေါက်သီးရိုက်ပြိုင်ပွဲမှာ လက်ရှိချန်ပီယံကို ကာကွယ်နိုင်ခဲ့တဲ့ ကစားသမားအဖြစ် ရပ်တည်ခွင့်ရချင်ပါတယ်။ LIV Golf Series ဂေါက်သီးရိုက်ပြိုင်ပွဲမှာပါဝင်ယှဉ်ပြိုင်နေတဲ့ကစားသမားတွေကို PGA Tour မှာ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ထင်မြင်ယူဆချက်တွေ မပေးချင်ပါဘူး။ ကျွန်တော့်ကတော့ PGA Tour ရဲ့ အဖွဲ့ဝင်ကစားသမားတစ်ယောက်အနေနဲ့ ဆက်လက်ရပ်တည်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ဂျူဗင်တပ်အနေဖြင့် ချန်ပီယံလိဂ်အုပ်စုမှထွက်ခွာရပါက တိုက်စစ်မှူး ဗလာဟိုဗစ်အနေဖြင့် အသင်းပြောင်းရွှေ့နိုင်သည်ဟုဆို

**တူရင် အောက်တိုဘာ ၁၂**

ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ လေးပွဲကစားပြီးချိန်တွင် ရမှတ်သုံးမှတ်ရရှိထားသည့် ဂျူဗင်တပ်အသင်းအနေဖြင့် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပါက တိုက်စစ်မှူး ဗလာဟိုဗစ်သည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းပြောင်းရွှေ့နိုင်သည်ဟု Tuttojuve.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် အဝေးကွင်းခြေစွမ်းပိုင်း ကျဆင်းနေသည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ပီအက်စ်ဂျီ၊ ဘင်ဖီကာ၊ မက္ကာဘီဟိုင်ဖာ အသင်းတို့နှင့် ကစားခဲ့ရသော်လည်း တစ်ပွဲသာ အနိုင်ရရှိထားသဖြင့် အမှတ်ပေးဇယား အဆင့်(၃) တွင် ရောက်ရှိနေပြီး အုပ်စုအဆင့်မှလွတ်မြောက်ရန် မသေချာသဖြင့် အသင်းမှ အဓိကတိုက်စစ်မှူး ဗလာဟိုဗစ်အနေဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်းပြောင်းရွှေ့နိုင်သည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။



သို့သော် ဂျူဗင်တပ်အသင်း တာဝန်ရှိသူများက ရလဒ်ပိုင်း ကျဆင်းနေသည့် နည်းပြ အယ်လီဂရီနီကို ဆက်လက်ထောက်ခံခဲ့ပြီး အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသည့် ဗလာဟိုဗစ်ကို ကမ်းလှမ်းသည့်အသင်းများအတွက် အနည်းဆုံးပြောင်းရွှေ့ကြေးယူရိုသန်း ၁၀၀ အထက်ရရှိမှသာ ရောင်းချသွားမည်ဟု တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ပီအက်စ်ဂျီအသင်းက အမ်ဘာပီ၏နေရာတွင် အစားထိုးရန် အေစီမီလန်အသင်းမှ လီယိုကို စတာလင်ပေါင် ၁၃၁ သန်းဖြင့် ကမ်းလှမ်းရန်ပြင်ဆင်

**လန်ဒန် အောက်တိုဘာ ၁၂**

ပီအက်စ်ဂျီအသင်းက အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် အမ်ဘာပီ၏နေရာတွင် အစားထိုးရန်အတွက် အေစီမီလန်အသင်း၌ ခြေစွမ်းပြနေသည့်လီယိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၃၁ သန်းထိပေးချေပြီး ကမ်းလှမ်းရန် ပြင်ဆင်လျက်ရှိနေသည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်ဘာပီသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းနှင့် ၂၀၂၅ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သော်လည်း လက်ရှိတွင် အသင်းဖော်နေမာ၊ အသင်းအားကစားဒါရိုက်တာ ကမ်ပို့စ်၊ အသင်းနည်းပြ ဂယ်တီယာတို့နှင့် ဆက်ဆံရေး မပြေမလည်ဖြစ်နေခြင်းတို့ကြောင့် အသင်းမှ ထွက်ခွာလိုခြင်းဖြစ်သည်။

ထို့ပြင် ပီအက်စ်ဂျီအသင်းက ၎င်းနှင့်ချုပ်ဆိုထားသည့် စာချုပ်ပါ အချက်အလက်များအတိုင်း လုပ်ဆောင်ပေးခြင်း မရှိသည့်အတွက် လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းနှင့်စာချုပ်ဖျက်သိမ်းပြီး ပရီးမီးယားလိဂ်ကလပ် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်လျက်ရှိနေသည့်အတွက် ပီအက်စ်ဂျီအသင်းက လီယိုကို ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အစောပိုင်းက အေစီမီလန်အသင်း၌ ခြေစွမ်းပြသနေသည့် လီယိုကို ချဲလ်ဆီးအသင်းက လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ကမ်းလှမ်းရန် ပြင်ဆင်ထားသော်လည်း အေစီမီလန်အသင်းက မရောင်းချလိုသည့်အတွက် ၎င်း၏ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၅၀ ထိ သတ်မှတ်ခဲ့ပြီး ယခုအခါ ပီအက်စ်ဂျီအသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် ၁၃၁ သန်းဖြင့် ခေါ်ယူရန်ပြင်ဆင်နေခြင်းဖြစ်သည်။

အေစီမီလန်အသင်းကလည်း လီယိုကို လက်မလွှတ်လိုသော်လည်း အသင်းနှင့် စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် ပီအက်စ်ဂျီအသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိကြောင်း သိရသည်။ STA

## စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်

S T A

ဗယ်လ်ကာနို Vs ဂီတာဖေး

**ကစားမည့်ရက်/အချိန် ၁၅-၁၀-၂၀၂၂ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂီတာဖေး ၀ - ၀ ဗယ်လ်ကာနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဗယ်လ်ကာနို** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **ဂီတာဖေး** | – | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** |

ဗယ်လ်ကာနိုအသင်းဟာ အဝေးကွင်းမှာသာ ရှုန်းကန်နေရတယ်ဆိုပေမဲ့ အိမ်ကွင်းဆိုရင်တော့ ကစားပုံကောင်းမွန်မှုရှိပါတယ်။ နှစ်ပွဲဆက်ရှုံးနိမ့်ထားတဲ့ ဂီတာဖေးအသင်းရဲ့ခြေစွမ်းပိုင်းကလဲ ရှုန်းကန်နေရသလို ဗယ်လ်ကာနိုအသင်းနဲ့တွေ့ဆုံတိုင်း ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ တွေ့ဆုံမှုတိုင်းအသာရနေတဲ့ ဗယ်လ်ကာနိုကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဗယ်လ်ကာနို ၂ – ၁ ဂီတာဖေး**

## ပြင်သစ်လီဂူး ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

S T A

စထရာဘော့ Vs လိုင်လီ

**ကစားမည့်ရက်/အချိန် ၁၅-၁၀-၂၀၂၂ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်လီ ၁ – ၀ စထရာဘော့**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **စထရာဘော့** | – | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** | **ဝေး(နိုင်)** |
| **လိုင်လီ** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရတဲ့ စထရာဘော့အသင်းဟာ အခုပွဲစဉ်မှာလဲ ရှုန်းကန်ရဖို့ရှိနေပါတယ်။ လိုင်လီအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ ပြန်လည်ကောင်းမွန်နေလို့ စထရာဘော့အသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ လိုင်လီအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – စထရာဘော့ ၁ – ၂ လိုင်လီ**

# ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက် အားလုံးအတွက်

မောင်သောင်းဝင်း(တမန်ဟောင်း)




သက်ရှိသက်မဲ့အားလုံးဖြင့် ဖွဲ့စည်းဖြစ်တည်နေသော ဤကမ္ဘာကြီးတွင် လူသားတို့၏ ဆန်းသစ်တီထွင်ကြိုးပမ်းအားထုတ်မှုများကြောင့် နယ်ပယ်ပေါင်းစုံတွင် သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှုဖြစ်စဉ်များ ရှိနေသည်။ ထိုတိုးတက်ပြောင်းလဲမှုများသည် လူသားအားလုံးကို များစွာအကျိုးပြုလျက်ရှိသည်မှာ အားလုံးလက်ခံထားသော ပကတိအရှိတရားပင်ဖြစ်သည်။ သို့သော် ထိုပြောင်းလဲတိုးတက်မှုများအတွက် ရင်းနှီးမြှုပ်နှံခဲ့ရသော၊ စွန့်လွှတ်ပေးဆပ်ခဲ့ရသော အရာပေါင်းများစွာလည်းရှိသည်။ အထူးသဖြင့် ခေတ်မီဆန်းသစ်သော လက်နက်များ စမ်းသပ်ပစ်ခတ်ခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများမှထုတ်လွှတ်သည့် အဆိပ်အတောက်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများနှင့် ဓာတ်ငွေ့များသည် ကမ္ဘာ့မြေထု၊ ရေထုနှင့်လေထုတို့တွင် တောင်ပုံယာပုံဖြစ်လာသည်။ ဆင့်ကဲဖြစ်စဉ်အဖြစ် ကမ္ဘာပေါ်ရှိ အီကွေတာဒေသများသည် အချိန်အခါမဟုတ် လွန်ကဲစွာအအေးပိုလာပြီး ဝင်ရိုးစွန်းဒေသများသည် ရေခဲများ အရည်ပျော်လာသောကြောင့် ပူပြင်းခြောက်သွေ့လာသည်။

**သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့**

နှစ်စဉ် အောက်တိုဘာ ၁၃ ရက်သည် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွက် ဆောင်ပုဒ်သည် "Early Warning and Early Action for All" "ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက် အားလုံးအတွက်" ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ အစိုးရအဖွဲ့အစည်းများနှင့် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ အဖွဲ့အစည်းများသည် မုန်တိုင်းတိုက်ခတ်မှုနှင့် ရေကြီး၊ ရေလျှံမှုများအပါအဝင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို အမြဲမပြတ်စောင့်ကြည့်ကာ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိသည်။ ထိုသို့ကြိုတင်သတိပေးချက်များထုတ်ပြန်နိုင်ခြင်းသည် သေကျေထိခိုက်မှုအပါအဝင် ပျက်စီးဆုံးရှုံးမှုများကိုလျှော့ချစေနိုင်သည်။

**သဘာဝဘေးအန္တရာယ်ဆိုသည်မှာ**

သက်ရှိများ မှီတင်းနေထိုင်လျက်ရှိသည့် ကမ္ဘာမြေကြီးတွင် သဘာဝအလျောက် ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်လာသည့်ဖြစ်စဉ်တစ်ရပ်ကို သဘာဝဘေးအန္တရာယ်ဟုခေါ်ဆိုကြသည်။ သာဓကအနေဖြင့် မြေငလျင်လှုပ်ခတ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းများမြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရောဂါအသစ်အဆန်းများ ကျရောက်ခြင်းစသည့် အန္တရာယ်များပင်ဖြစ်သည်။ ထိုအန္တရာယ်ကြောင့် သေကျေထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားနိုင်ပါသည်။

သဘာဝဘေးအန္တရာယ် မည်မျှကြီးမားသည်ကို သေကျေထိခိုက်မှု၊ ပျက်စီးဆုံးရှုံးမှုများနှင့် တိုင်းတာနိုင်သည်။ လူမနေသောနေရာများတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များကို သဘာဝဘေးဟုမခေါ်ဆိုနိုင်ပေ။ ဆိုလိုသည်မှာ လူမနေသော ကျွန်းတစ်ကျွန်းအားရေမြုပ်သွားသည်ကို သဘာဝဘေးဟုယူဆ၍မရပေ။ လူနေထူထပ်သောနေရာတစ်ခုရေမြုပ်သွားပြီဆိုလျှင် သေကျေပျက်စီးဆုံးရှုံးမှုများ များပြားမည်ဖြစ်သည်။ ထို့ကြောင့် ထိုဒေသကို သဘာဝဘေးအန္တရာယ်သင့်ဒေသအဖြစ် သတ်မှတ်ကြရသည်။

ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်မှုများ များပြားလာခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း မြေငလျင်လှုပ်ခတ်မှုများ၊ အင်အားပြင်းထန်သော လေမုန်တိုင်းကြီးများတိုက်ခတ်မှုများနှင့် အပူလှိုင်းဖြတ်မှုများသည် အကြိမ်ရေပိုမိုများပြားလာခဲ့သည်။ ထိုသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုများလည်း များပြားခဲ့သည်။ တချို့သောဒေသများတွင် မုန်တိုင်းဒဏ်ခံသော အဆောက်အအုံများ ကြိုတင်ဆောက်လုပ်ထားသော်လည်း ဆုံးရှုံးမှုများရှိနေဆဲပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မမျှော်လင့်သည့်အချိန်တွင်ဖြစ်ပေါ်လာနိုင်သည့် မြေငလျင်လှုပ်ခတ်မှုများ၊ တောမီးလောင်မှုများ၊ မြေပြိုမှုများနှင့် မီးတောင်ပေါက်ကွဲမှုများသည် လူသားတို့ကို ပျက်စီးဆုံးရှုံးမှုကြီးမားစေသော သဘာဝဘေးအန္တရာယ်များအဖြစ် ဆက်လက်ခြိမ်းခြောက်လျက်ရှိသည်။

**အတောမသတ်သောလောဘ**

စင်စစ်အားဖြင့် အချို့သောသဘာဝဘေးအန္တရာယ်များသည် လူတို့၏ပယောဂနှင့်မကင်းချေ။ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ စက်မှုလုပ်ငန်းများ၊ သိပ္ပံနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာမှုတို့ကြောင့် အကျိုးဖြစ်ထွန်းမှုများစွာရှိစေသလို အခြားတစ်ဖက်တွင်လည်း ဆုတ်ယုတ်မှုများရှိလာစေသည်။ ထိုဆုတ်ယုတ်မှုများတွင် သစ်တောသယံဇာတများ ပြုန်းတီးလာခြင်း၊ စားကျက်မြေများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ တိမ်ကောပျက်စီးလာမှုတို့အပါအဝင် သဘာဝပတ်ဝန်းကျင်ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပွားလာခြင်းနှင့် ရှားပါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်လာခြင်းတို့ပင်ဖြစ်သည်။ ထိုသို့သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ၏ ဆင့်ကဲအကျိုးဆက်များကြောင့် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်လာမှုနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာရသည်။

လူသားတို့၏ အတောမသတ်သော လောဘကြောင့် ကမ္ဘာကြီးသည် တဖြည်းဖြည်းကျန်းမာရေးချို့ယွင်းလာနေပြီဖြစ်သည်။ သစ်တော၊ သစ်ပင်များကို လွန်ကဲစွာ ခုတ်လှဲရောင်းချလာခြင်း၊ စက်မှုလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်နေရာများတွင် ရေသယံဇာတများကို အကန့်အသတ်မဲ့ထုတ်ယူသုံးစွဲလာခြင်း၊ မြေအောက်နှင့် ရေအောက်သယံဇာတများကို အပြိုင်အဆိုင်ထုတ်လုပ်ရောင်းချလာခြင်းနှင့် သို့လှောင်လာခြင်း၊ စက်မှုလုပ်ငန်းများမှ စွန့်ပစ်ဓာတုဆေးရည်များကို မြစ်ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာများအတွင်းသို့ တာဝန်မဲ့စွာစွန့်လွှတ်ပစ်ခြင်း၊ လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လွန်ကဲစွာထုတ်လွှတ်သည့် စက်ရုံ၊ အလုပ်ရုံများ အပြိုင်အဆိုင်တည်ဆောက်လာခြင်းနှင့် ဖျက်စွမ်းအားပြင်းလက်နက်များကို ပင်လယ်သမုဒ္ဒရာများအပါအဝင် မြေပေါ်၊ မြေအောက် နေရာပေါင်းစုံတွင် စမ်းသပ်ပစ်ခတ်လာခြင်းတို့ကြောင့် ကမ္ဘာမြေကြီးအပေါ် ဆိုးကျိုးများ ဖြစ်ပေါ်စေလျက်ရှိသည်။

နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် ကျရောက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပွားခဲ့သော သေကျေဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးတို့သည် လွန်စွာပင်များပြားလျက်ရှိသည်။ ထိုဆုံးရှုံးမှုများတွင် မိဘဆုံးရှုံးကြရသူများ၊ သားသမီးဆုံးရှုံးကြရသူများနှင့် ဆွေမျိုးသားချင်းဆုံးရှုံးကြရသူများအတွက် များစွာပင် စိတ်မကောင်းဖြစ်ရသည်။ ပစ္စည်းဆုံးရှုံးမှုကို အစားထိုး၍ရနိုင်သော်လည်း လူ့အသက်တစ်ချောင်းကိုမူ မည်သည့်အရာနှင့်မျှ တန်ဖိုးဖြတ်၍မရနိုင်ချေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာကြီးကို ဆိုးရွားစွာထိခိုက်စေနိုင်မည့်လုပ်ရပ်မှန်သမျှကို ဆင်ခြင်ပြီး အချိန်မီ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ ထိုသို့ကမ္ဘာကြီးကို ချစ်ခင်စွာ အချိန်မီစောင့်ရှာက်ပြုပြင်ထိန်းသိမ်းမှုမရှိလျှင် အနာဂတ်တွင် လူသားများသည် အမျိုးမျိုးသောသဘာဝဘေးအန္တရာယ်များနှင့် မလွဲမသွေရင်ဆိုင်ကြရမည်မှာ ဇောက်မှုချပင်ဖြစ်သည်။

❖ သက်ရှိများ မှီတင်းနေထိုင်လျက်ရှိသည့် ကမ္ဘာမြေကြီးတွင် သဘာဝအလျောက် ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်လာသည့် ဖြစ်စဉ်တစ်ရပ်ကို သဘာဝဘေးအန္တရာယ်ဟုခေါ်ဆိုကြသည်။ သာဓကအနေဖြင့် မြေငလျင်လှုပ်ခတ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီလှိုင်းများမြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရောဂါအသစ်အဆန်းများကျရောက်ခြင်း စသည့်အန္တရာယ်များပင်ဖြစ်သည်။ ထိုအန္တရာယ်ကြောင့် သေကျေထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားနိုင်ပါသည်။ ❖

**ကြိုတင်ပြင်ဆင်ထားသင့်**

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်ကို နှစ်စဉ်ခါးစည်းခံစားရလျက်ရှိသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရာသီဥတုဖောက်ပြန်မှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ပုံဖော်ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်များ ကျရောက်ပါကရှာဖွေရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အရေးပေါ်စီမံချက်များရေးဆွဲထားရန်လိုအပ်သည်။ ကြီးမားသော သဘာဝဘေးအန္တရာယ်နှင့်နှင့် နောက်ဆက်တွဲကပ်ရောဂါဆိုးများဖြစ်ပေါ်လာပါက နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည်။ ထို့ကြောင့် အရေးပေါ်စီမံချက်တွင်ပါဝင်သည့်ပြင်ဆင်ခြင်း (Preparedness)၊ တုံ့ပြန်ခြင်း (Response)၊ ပြန်လည်ထူထောင်ခြင်း (Recovery)နှင့် လျော့နည်းသက်သာစေခြင်း(Mitigation) လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားသင့်ပေသည်။

**ဆုံးရှုံးမှုများစွာ**

သဘာဝဘေးအန္တရာယ်များကြောင့် ကမ္ဘာတစ်ဝန်း၌ နှစ်စဉ် လူဦးရေ ၄၅၀၀၀ ခန့်သေဆုံးရလျက်ရှိသည်။ အထူးသဖြင့် ပူပြင်းခြောက်သွေ့မှုနှင့် ရေကြီးရေလျှံမှုတို့သည် သေဆုံးမှုအများဆုံးဖြစ်ပေါ်ရသည့် သဘာဝဘေးအန္တရာယ်များပင်ဖြစ်သည်။ ဆင်းရဲတွင်းနက်သောနိုင်ငံများတွင် သေဆုံးမှုနှင့်ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းတွင် သေဆုံး၊ ထိခိုက်ဆုံးရှုံးမှုများပြားခဲ့သည်။ အနီးဆုံးသာဓကကိုပြရလျှင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းအနောက်ဘက်ကမ်းခြေအလွန် ပင်လယ်ကြမ်းပြင်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ဆူနာမီလှိုင်းလုံးကြီးများဖြစ်ပေါ်ခဲ့ရာ အရှေ့တောင်အာရှနိုင်ငံများမှ လူဦးရေ ၂၃၀၀၀၀ ခန့်သေဆုံးခဲ့ပြီး လူဦးရေ နှစ်သန်းခန့် အိမ်ခြေရာမဲ့ဖြစ်ခဲ့ရသည်။

**ကြိုတင်သတိပေးထုတ်ပြန်ချက်ဆောလျင်ဆောင်ရွက် အားလုံးအတွက်**

ကုလသမဂ္ဂအထွေထွေညီလာခံ(UNGA)က သဘာဝဘေးအန္တရာယ်ကို နိုးနိုးကြားကြားသိရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်လျော့ချနိုင်စေရန် အလို့ငှာ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ၁၉၈၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ၂၀၀၉ ခုနှစ်တွင် UNGA က နှစ်စဉ်အောက်တိုဘာ ၁၃ ရက်ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ဆိုရလျှင် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများကို သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်၏နောက်ဆက်တွဲဆိုးကျိုးများကိုသိရှိကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်သွားနိုင်ရန် ကျင်းပခြင်းဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ကြိုတင်သတိပေးချက်များ ဆောလျင်စွာထုတ်ပြန်ဆောင်ရွက်နိုင်ခြင်းသည် အားလုံးအတွက် ထိခိုက်ဆုံးရှုံးမှုများ လျှော့ချစေနိုင်မည်ဖြစ်ပါသည်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ရိုးရာဆီမီးမျှောပွဲနှင့် နဂါးဖောင်မျှောပွဲတော်တို့ကို နိုဝင်ဘာလတွင် ကျင်းပသွားမည်ဖြစ်



**ထားဝယ် အောက်တိုဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး အတွင်း တနင်္သာရီရိုးရာပွဲတော်များဖြစ်သည့် ဆီမီးမျှောပွဲနှင့် နဂါးဖောင်မျှောပွဲတော်တို့ကို လာမည့် နိုဝင်ဘာလတွင် ကျင်းပသွားမည် ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ဝင် ဦးသန်းစိုးဝင်းက ပြောပြ၍ သိရသည်။

တနင်္သာရီရိုးရာပွဲတော်ဖြစ်သည့် ဆီမီးမျှောပွဲနှင့် နဂါးဖောင်မျှောပွဲတော်တို့ကို အစဉ်အလာမပျက် နိုဝင်ဘာ ၇ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

"တနင်္သာရီတိုင်းဒေသကြီး အတွင်းမှာ တနင်္သာရီရိုးရာပွဲတော် အနေနဲ့ဆိုရင် သီတင်းကျွတ်လပြည့်နေ့မှာ ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်ရှိပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့မှာ တနင်္သာရီရိုးရာ ဆီမီးမျှောပွဲတော်နဲ့ နဂါးဖောင်မျှောပွဲတော်ရှိပါတယ်။ ဒီနှစ်ကတော့ နဂါးလှေတော် ရေခင်းသဘင် မကျင်းပဖြစ်ပေမဲ့ အစဉ်အလာမပျက် ဆီမီးမျှောပွဲတော်နဲ့ နဂါးဖောင်မျှောပွဲတော်ကို ကျင်းပသွားမှာဖြစ်ပါတယ်။ ဆီမီးငါးထောင်မျှောပွဲတော်အတွက် ကြိုတင်ပြင်ဆင်နေပါတယ်။ ဆီမီးစေတီတွေလှည့်လည်ပူဇော်ပွဲလဲ ကျင်းပမှာဖြစ်ပါတယ်။ နဂါးဖောင်မျှောပွဲတော်အတွက်လဲ ပြင်ဆင်နေပါတယ်"ဟု ဦးသန်းစိုးဝင်းက ပြောပြသည်။

တနင်္သာရီရိုးရာ ဆီမီးမျှောပွဲနှင့် နဂါးဖောင်မျှောပွဲတော်သည် ရေအောက်နဂါးပြည်တွင် သီတင်းသုံးတော်မူသော တနင်္သာရီမုနိ မြတ်စွာဘုရားရှင်အား ဆီမီးဖြင့် ပူဇော်ခြင်းဓလေ့ဖြစ်ကြောင်း၊ နဂါးဖောင်တော်စကြာမျှောခြင်းမှာ ရေအောက်ရှိ နဂါးပြည်မှ နဂါးမင်းနှင့်တကွ နဂါးအပေါင်းတို့အား တနင်္သာရီတိုင်းဒေသကြီးတစ်ခွင် အေးချမ်းသာယာမှုကို စောင့်ရှောက်ကြစေရန် ရည်ရွယ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ ASH

# 72 Hours အက်ရှင်ဇာတ်ကားတွင် ကမ်ဂီဂန်ဒက်နှင့် ဆမ်ထရမ်မဲတို့ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၂**

Toric Films ရုပ်ရှင်ကုမ္ပဏီ၏ 72 Hours အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားတွင် မင်းသား ကမ်ဂီဂန်ဒက်နှင့် ဆမ်ထရမ်မဲတို့ ပါဝင်မည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

72 Hours ဇာတ်ကားတွင် ကမ်ဂီဂန်ဒက်နှင့် ဆမ်ထရမ်မဲတို့သည် ဥပဒေ၏ဆန့်ကျင်ဘက် တစ်ဖက်တစ်ချက်တွင် ရောက်ရှိနေကြသော်လည်း မိသားစုကို ကယ်တင်ရေးအတွက် ပူးပေါင်းလက်တွဲခဲ့ကြသည့် ညီအစ်ကိုအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

72 Hours ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခုလအတွင်း စတင်ရန် Toric Films ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားသည်။

72 Hours ဇာတ်ကားကို ဒါရိုက်တာ ခရစ္စတီယန်ဘက်စမာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ဇာတ်ညွှန်းရေးဆရာ ရှောင်ကရေးနီနှင့်အတူ ပူးတွဲရေးသားထားသည်။

အဆိုပါ ဇာတ်ကားသည် ရဲအရာရှိတစ်ဦးအဖြစ်မှသည် ရုပ်ရှင်သရုပ်ဆောင်ဖြစ်လာသော မင်းသား ရောဘတ်တိုဆန်းချက်၏ ဇာတ်လမ်းကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

KKO



# ဗဟန်းမြို့နယ်တွင် ပန်းချီဆရာခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ KZL Art Studio & Gallery တွင် ပန်းချီဆရာခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ ပန်းချီ ခင်ဇော်လတ်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲကို KZL Art Studio & Gallery တွင် အောက်တိုဘာ ၁၅ ရက်မှ အောက်တိုဘာ ၂၀ ရက် ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲကတော့ ဝါရင့်ပန်းချီဆရာ ခုနစ်ယောက်ရဲ့လက်ရာစုံကိုစုစည်းပြီးတော့ ပြသထားပါတယ်။ ပန်းချီကားအများစုကတော့ ပန်းချီဆရာတွေရဲ့ စိတ်ကြိုက်ရေးဆွဲထားတဲ့ ပန်းချီကားတွေပဲဖြစ်ပါတယ်။ ထူးခြားချက်ကတော့ ပန်းချီကား အားလုံးဟာ ဒီနှစ်ပိုင်းအတွင်းမှာမှ အသစ်ရေးဆွဲထားတာဖြစ်တော့ ဘယ်ပန်းချီပြခန်းမှာမှ မပြဖူးသေးတဲ့ ပန်းချီကားတွေဖြစ်ပါတယ်"ဟု KZL Art Studio & Gallery ပန်းချီပြခန်းတာဝန်ခံ ပန်းချီ ခင်ဇော်လတ်က ပြောပြသည်။



အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သည့် ပန်းချီ ခင်မောင်ဇော်၊ ပန်းချီ နီပိုဦး၊ ပန်းချီ ဇော်ဇော်ကို၊ ပန်းချီ အောင်ကျော်ဆန်း၊ ပန်းချီ ရွှေသိန်း၊ ပန်းချီ စောကေသာ၊ ပန်းချီကျော်စိုးတို့၏ ရေဆေး၊ ဆီဆေး အပါအဝင် လက်ရာစုံဖန်တီးထားသည့် ပန်းချီကား ၇၀ ခန့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲ၌ ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၄ × ၃) ပေ၊ (၃၀ × ၄၀) လက်မ၊ (၁၈ × ၂၄) လက်မ၊ (၃× ၂) ပေ၊ (၄ × ၂) ပေ စသည့် အရွယ်အစားစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ်သိန်း ၂၀ ထိရှိကြောင်း သိရသည်။ ASH

# In the Blink of an Eye ကို ဒါရိုက်တာ အင်ဒရူးစတန်တွန် ရိုက်ကူးမည်

**နယူးယောက် အောက်တိုဘာ ၁၂**

Searchlight Pictures ရုပ်ရှင်ကုမ္ပဏီ၏ In the Blink of an Eye အမည်ရှိ သိပ္ပံဇာတ်ကားကို ဒါရိုက်တာ အင်ဒရူးစတန်တွန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဒါရိုက်တာ အင်ဒရူးစတန်တွန်သည် ကွန်ပျူတာ အင်နီမေးရှင်းရုပ်ရှင်ဇာတ်ကားများကြောင့် နာမည်ကျော်ကြားသူဖြစ်သော်လည်း Revolver နှင့် John Carter ကဲ့သို့ နာမည်ကျော်ရုပ်ရှင်ဇာတ်ကားများကိုလည်း ရိုက်ကူးပေးခဲ့သူဖြစ်သည်။

လက်ရှိတွင် In the Blink of an Eye ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Searchlight Pictures က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကော်ဘီဒေးက ရေးသားပေးထားပြီး ထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူထားသည်။

လက်ရှိတွင် In the Blink of an Eye ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Searchlight Pictures က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။ KKO



# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဆင်ပဒေသာပန်းပုရုပ်များ ဝင်ရောက်လာပြီး ဝယ်ယူမှုများပြားနေ

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဆင်ပဒေသာပန်းပုရုပ်များ ဝင်ရောက်လာပြီး ဝယ်ယူမှုများပြားနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာ မန်နေးဂျင်း ဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ဆင်ပဒေသာပန်းပုရုပ်မှာ ဆင်ခုနစ်ကောင်က တောင်တက်လမ်းတစ်ခု တက်ရောက်နေပုံကို ယမနေသားဖြင့် ထွင်းထုထားခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်မှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာကြောင်း သိရသည်။

"ဒီလထဲမှာ လက်ဆောင်ပေးဖို့ လူတော်တော်များများ အဝယ်များကတော့ ဆင်ပဒေသာရုပ်တွေဖြစ်ပါတယ်။ ဒီလမှ မန္တလေးကနေ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ အရွယ်အစားနှစ်မျိုးလာပါတယ်။ အမြင့် ၁၈ လက်မနဲ့ အမြင့် ၂၃ လက်မဖြစ်ပါတယ်။ ၁၈ လက်မက အခုရေ ၅၀၊ ၂၃ လက်မက အခုရေ ၅၀ ဝင်ပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ အမြင့် ၁၈ လက်မ အရွယ်အစား ဆင်ပဒေသာပန်းပုရုပ်တစ်ခုလျှင် ငွေကျပ် တစ်သိန်းလေးသောင်းခန့်၊ အမြင့် ၂၃ လက်မအရွယ်အစား ဆင်ပဒေသာပန်းပုရုပ်တစ်ခုလျှင် ငွေကျပ်တစ်သိန်းရှစ်သောင်းရှိပြီး တစ်မျိုးလျှင် အခုရေ ၂၀ ခန့် ရောင်းချထားပြီးဖြစ်ကြောင်း သိရသည်။ ASH

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing attends choice of arms for 65th Intake of Defence Services Academy



Senior General Min Aung Hlaing leads the session to select cadets for various military corps.

**Nay Pyi October 12**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attended the choice of arms for cadets of the 65th Intake of Defence Services Academy at DSA in PyinOoLwin today.

Also present at the ceremony together with the Senior General were Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief, Commander of Central Command Maj-Gen Ko Ko Oo, the commandant of DSA and officials. They met with cadets individually and chose suitable corps of the Tatmadaw (Army, Navy and Air) for the cadets depending on outstanding performances in literature and military subjects, sharpening, hobby and efforts.

In the afternoon, the Senior General and party had lunch together with cadets at the cadet mess hall of the Anawrahta Battalion, cordially greeted and encouraged them. Next, the choice of arms for cadets continued there.

100



Senior General Min Aung Hlaing converses with a cadet.



Senior General Min Aung Hlaing having lunch together with cadets.

# Myanmar exports over 810,000 tons of beans and pulses worth over US$ 630 m in 2022-2023 FY

**Nay Pyi Taw October 12**

More than 810,000 tons of beans and pulses were exported to various countries and the export revenue was more than US$ 630 million from April 1 to September 30 in 2022-2023 FY, according to U Win Lwin, Director of Trade Policy Division, Department of Trade under the Ministry of Commerce.

"From April 1 to September 30 in 2022-2023 FY, Myanmar exported 668,092.01 tons of beans and pulses by sea and 143,720.671 tons of beans and pulses through border trade, totaling 811,812.681 tons. We earned US$ 637.14 million in export income," U Win Lwin said.

About 20 per cent of Myanmar's agricultural land area is cultivated with beans and pulses, and 72 per cent of the acreage of beans and pulses is mung beans, green beans and pigeon peas mostly and also grow cow peas, kidney beans, butter beans, red beans, chick peas, soy beans, green peas and other beans a little.

Currently, as a country based on agriculture, the majority of exports from Myanmar are agricultural products, and beans and pulses are among the main exports. ASH

# Myanmar and Japan plan to increase agricultural products export in this fiscal year

**Nay Pyi Taw October 12**

Myanmar and Japan are planning to increase the export of agricultural products in the 2012-2023 FY and it will be implemented in this fiscal year, according to the trade development branch, Myanmar Trade Promotion Organization under the Ministry of Commerce.

A project on the matinzation for potential agriculture product export to Japan was designed and it is reported that plans will be made to export the products of farmers from Aungpan, Taunggyi and Yaksawk townships in Shan State, Bago in Bago Region and Magway Region to Japan.

A workshop was conducted in mid-December by this year to cooperate with local employers in the implementation of the project in Mandalay. At the workshop, about 40 people including officials from the relevant government departments and associations, farmers and exporters, will be invited.

In addition, a local expert was hired for the project, along with staff from the trade development branch and the project will be completed before the end of the 2022-2023 FY.

Moe Yan (Oakkala)



Varieties of agricultural produce.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses meeting 1/2022 of Central Committee on Myanmar SEZs



Vice-Senior General Soe Win addresses meeting 1/2022 of Central Committee on Myanmar SEZs.

**Nay Pyi Taw October 12**

Central Committee on Myanmar Special Economic Zones held meeting 1/2022 at the Ministry of Commerce here this afternoon addressed by Chairman of the central committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Union ministers who are members of the central committee, deputy ministers, management committee chairs of Thilawa, Kyaukphyu and Dawei SEZs, permanent secretaries, directors-general were also present. Yangon Region chief minister, Taninthayi Region chief minister, Rakhine State economic minister and officials attended the meeting through video conferencing.

The Vice-Senior General said global countries including Myanmar set up SEZs with the goal of attracting investment, generating job opportunities, promoting exports, broadening the economic scope and links, supporting the global value chain, multiplying the type and volume of goods.

According to 2019 records, 147 countries had set up about 5,400 SEZs, and over 500 more were under construction. SEZs are the new developments of industrial policies and they have the greater power to attract foreign investments.

Basically, SEZs in developed and developing countries are prioritizing trade facilitation. From this stage MSMEs are being modernized into innovative industries. Then they are turned into Integrated Zones which include service in addition to production businesses. This process will be greatly supportive to the SAC's MSMEs development undertakings.

Myanmar amended the 2011 SEZ Law in 2014 and enacted the rules in 2015. Under the rules, the central committee must hold meeting for two times a year.

Section 6 of the law stipulates the duties of the central committee, which include the adoption of plans and programs for SEZ development, laying down of work programs and frameworks for implementation and monitoring, supervision and inspection of the functions of management committees, facilitation of links with relevant government departments and organizations through coordination. Hence, the meeting should seek means to support the functions of SEZs.

Myanmar is implementing three SEZs. It is jointly implementing Thilawa SEZ with Japan, Kyaukphyu SEZ with China and Dawei SEZ with Thailand. National interest must be prioritized and friendship must be emphasized in implementing bilateral projects.

Of the three, Thilawa stands as a model SEZ as its functions are going on well. The respective ministry should render a helping hand in receiving foreign investments continuously and systematically, welcoming new committees and new investment projects and facilitating the functions of businesses of investors.

Of the three economic objectives of SAC, to develop a stable market economy and promote international investment in order to enhance the economic development of the entire national people is an important one.

For the successful realization of the objective, it is necessary to ensure that respective ministries do SOPs practically and provide better services in accord with the international procedures at the zones. Then, more foreign investments can be invited for economic progress. Since the management committee has been reconstituted with chairmen and members for better management of special economic zones, one stop service centers in those zones need to work systematically and provide effective services for greater economic progress.

The committee is urged to provide necessary assistance for the companies investing in Thilawa SEZ to run with momentum and extend their investments and to see new investments.

Regarding Kyaukphyu SEZ, a framework agreement of the deep-sea port project was signed on 8 November 2018. Both sides signed a shareholder agreement in January 2020 and a concession agreement in November. Taking notice of political sensitivity over the previously-signed agreements, we need to act to ensure a win-win situation through bilateral coordination.

The deep-sea project must be successfully implemented as it is important for Kyaukphyu SEZ as well as for the interests of the State. Being able to succeed in the project will enable us to participate in the Myanmar-China economic corridor, thereby contributing to bilateral collaboration. As Kyaukphyu SEZ project is much related to the Belt & Road project of China, there will be a lot of bilateral benefits and regional development. In giving training to local people for Rakhine State development, courses need to be compatible with the needs of the factories when the project goes on.

Dawei SEZ project started its implementation in 2008 but there was no significant progress. Since the Italian-Thai Company previously chosen as investor has been terminated, measures must be taken in accord with the international procedures to invite a new investor.

With rapid development of SEZs, the national economic will develop and local people will get job opportunities and improve thier living standards. So, efforts must be made in accord with the legal procedures for SEZ development.

Next, Union Minister for Commerce U Aung Naing Oo explained matters related to SEZs in Myanmar.

Management committee chairmen of Thilawa, Dawei and Kyaukphyu SEZs read out messages sent to the meeting and sought approval.

Then, Union Ministers Admiral Tin Aung San, U Win Shein, Dr Kan Zaw, U Ko Ko Hlaing, Dr Thida Oo, U Tin Htut Oo, U Khin Maung Yi, Dr Charlie Than, Dr Pwint Hsan and U Shwe Lay, Region Chief Ministers U Soe Thein and U Myat Ko, Deputy Minister for Electric Power Dr Aung Zeya and the Rakhine State Economic Minister discussed respective sectors in relation to the SEZs.

Joint Secretary Deputy Minister U Nyunt Aung read the draft resolution of the meeting (1/2022) and sought approval.

Later, the Vice-Senior General made a further discussion and a concluding remark. 100

# French oil workers vote to continue strike

**Paris October 12**

Striking French oil workers have voted to continue their industrial action, which has led to shortages at fuel stations across the country.

They responded angrily after the government said it would use mandatory powers to force some of them to go back to work.

The strike, in its third week, has shut six of France's seven oil refineries.

With long queues of cars now a regular sight at the pumps, the government wants to get the fuel flowing again.

Nearly a third of French petrol stations are now reported to be running short of at least one kind of motor fuel.

Unions want pay increases for their workers, which they say should take account of the huge profits being made at the moment by the oil companies.

They are seeking a 10% pay rise - 7% to cover inflation and 3% for what they call "wealth-sharing".

The government's latest move to head off the impact of the action is to requisition key staff at a refinery in Normandy, threatening prosecution unless they allow some lorry tankers to fill up.

BBC

# Terrorists by the name of CRPH, NUG and PDF blow up roads and bridges to disrupt and destroy regional development, transportation and communications

**Nay Pyi Taw October 12**

Terrorists by the name of CRPH, NUG and PDF have created unjust accusations and been killing the people living peacefully and dutiful, good civil servants and disrupting and destroying State-own buildings, offices and public infrastructure as well.

Moreover, they have been torching and blowing up roads and bridges built by successive governments with a huge spending of State funds and used for a long period.

So far, they have carried out 732 acts of terrorist such as detonating mines and setting fires. They are set out below.

**Roads and bridges destroyed in regions and states from 1-2-2021 to 30-9-2022**

| No. | Region/State | Number of acts of destroying roads and bridges | Remark |
|---|---|---|---|
| 1 | Nay Pyi Taw | 13 | |
| 2 | Kachin | 37 | |
| 3 | Kayah | 9 | |
| 4 | Kayin | 16 | |
| 5 | Chin | 5 | |
| 6 | Sagaing | 186 | |
| 7 | Tanintharyi | 11 | |
| 8 | Bago | 43 | |
| 9 | Magway | 47 | |
| 10 | Mandalay | 101 | |
| 11 | Mon | 53 | |
| 12 | Rakhine | 1 | |
| 13 | Yangon | 183 | |
| 14 | Shan | 17 | |
| 15 | Ayeyawady | 10 | |
| Total | | 732 | |

Regarding such PDF terrorists' acts of blowing up or burning downs roads and bridges to disrupt and destroy the Government's efforts for ensuring regional development and smoothness in transportation, the entire people are requested to cooperate by secretly informing the nearest security personnel of their movements until these terrorists could no longer exist. 100









Winkan Bridge in Shwekyin township, Bago Region, seen destroyed by a mine exploded by terrorists by the name of CRPH, NUG and PDF on 3 March 2022.





Toll gate, entrance to Myinmu town, on Mandalay-Monywa Road seen damaged by a homemade mine exploded by terrorists by the name of CRPH, NUG and PDF on 9 July 2022.

# Lweje border trade post receives US$ 68.722 million in six months of 2022-2023 FY

**Myitkyina October 12**

Trade with China from the Lweje border trade post in Kachin State earned US$ 68.722 million during the six months of the 2022-2023 FY, according to U Myint Zaw Moe, in-charge of the Lweje border trade post, Department of Trade under the Ministry of Commerce.

In that period, the total export value including rubber to China was US$ 44.478 million and the total value of imports from China was US$ 24.244 million, total trade volume of US$ 68.722 million.

In this way, Myanmar mainly exported petrified wood, tissue-cultured bananas, rice and broken rice, black sesame and green beans to China and imported machines and machinery, plastic raw materials, iron and steel, fertilizers and agricultural tools from China.

As for the Myanmar-China border trade, more than 100 vehicles are carrying out daily trade from the Lweje trade post in Kachin State to China. ASH

# KNLA Brigade (1), terrorists so-called PDF, proxy of NUG, CRPH, brutally attack Kinmonchaung mountain passenger station at Kyaikhtiyoe Pagoda with heavy weapons, small arms without provocation, leaving three pilgrims dead, 19 others injured

**Nay Pyi Taw October 12**

A joint force of the KNLA Brigade (1) and NUG- and CRPH-proxy terrorists so-called the PDF brutally attacked the Kinmonchaung mountain passenger station of the Kyaikhtiyoe (Golden Rock) Pagoda in Kyaikhto in Mon Statewith heavy weapons and small arms without any provocation this morning, leaving three pilgrims dead and 19 others injured.

In the incident, the pagoda was crowded with members of the pubic who were making pilgrimage peacefully to the pagoda during the Thadingyut festival, when the joint force of the KNLA Brigade (1) and NUG- and CRPH-proxy terrorists so-called the PDF arrived at the passenger station on a vehicle from the direction of Saung Naing Gyi Village at about 10.25 am and brutally attacked the mountain passenger station with heavy weapons and small arms without any provocation, before retreating to the direction of the village. During their attack against innocent pilgrims of the public, three women were killed and 19 others including nine men and 10 women were injured.

Security forces provided necessary emergency treatments to the injured and brought them to the People's Hospital in Kyaikhto. Security forces are chasing the terrorists on the run to take effective action against them.

The NUG and the CRPH have speeded up their sabotage acts out of their abject antipathy towards members of the public who were making pilgrims at pagodas and monasteries or relaxing at resorts in the entire country during the Thadingyut.

In the incident, the joint force of KNLA Brigade (1) and terrorists so-called the PDF brutally terrorized a non-military target, a religious precinct, where members of the public were making pilgrimage to gain merit and the attack amounts to war crimes under Geneva Convention and international laws. Action will be taken against them under the counter-terrorism law, the penal code and relevant existing laws and the security forces will invoke counter-terrorism action to take effective action against them. Members of the public are urged to report the information about the activities of terrorists to security forces secretly. 100



The image showing the place attacked by terrorists.


The photo shows a casualty after the attack.


The photo shows a casualty after the attack.

## Commodity Testing and Quality Management Center Hlegu-CTQM performs more than 140 laboratory tests in September 2022

**Yangon October 12**

The Department of Consumer Affairs on 11 October stated that the Commodity Testing and Quality Management Center Hlegu-CTQM conducted more than 140 laboratory tests for commodities in September 2022.

The center emphasizes laboratory tests over export and import goods. It performs laboratory tests for oil and oil crops, pesticide residue, crop chemical test, crop physical test, mushroom test, germ test, microorganism test, and rubber test.

In September, the center conducted tests for 56 samples of 13 crops offered by 27 businesspersons. These items were green gram, crushed green gram, chickpea, maize seed, black sesame, white sesame, palm oil, cow dung, bran, beer waste and propeller groundnut cakes.

In this regard, the center covers tests for 27 cases of pesticide residue, five cases of mushroom poison, eight cases of oil and oil crops and eight cases for crop chemical tests. 336


Staff working on laboratory tests.

## Plan to electrify 24 per cent of families in Ayeyawady Region in 2022-23 FY

**Pathein October 12**

Upon completion of electrification in Ayeyawady Region in 2022-23 fiscal year, 24.71 per cent of the families will get electricity, according to the Ministry of Electric Power.

The ministry is implementing the national electrification plan-NEP as of 2015 to electrify the whole nation in 2030.

There are 1493545 households in Ayeyawady Region, 369,055 households of which will get electricity upon completion of the project in 2022-23 fiscal year.

There are 118,301 households in Pathein District, 96,900 househods in Hinthada District, 60,804 households in Maubin District, 39,004 households in Myaungmya District, 38,305 households in Pyapon District and 15,731 households in Labutta District, totalling 369,055.

At the end of 2022-23 fiscal year, a total of 1,124,490 households will be left to get electricity. Hence, electrification project will go on for them.

Upon completion of the projets in 2022-23 FY, 7,351 towns and villages across the region will get the chance to enjoy electicity. As the region is formed with 45 towns, a total of 43 towns will get electriity in national grid and two more towns with other system at the end of 2022-23 fiscal year. 336



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးစဉ်။

(၁) ရှေ့ဖုံးမှအဆက်

**နိုင်ငံရေးအရဖြစ်ပေါ်နေသည့် သဘောထားကွဲလွဲမှုများကို မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရန် ဖိတ်ခေါ်ဆွေးနွေးခဲ့ခြင်းဖြစ်**သည့်အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)တို့ကိုအခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည့်အခြေအနေများ၊ **စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**သည့်အခြေအနေများ၊ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏တောင်းဆိုချက်များ၊ **ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည်ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကို ရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် လေးလေးနက်နက်ဆွေးနွေးဆောင်ရွက်သွားကြရန်လို**သည့်အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယခုကဲ့သို့ ဒုတိယအကြိမ် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခွင့်ရပြီး မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ ဆွေးနွေးခွင့်ရရှိသည့်အတွက် အားရကျေးဇူးတင်ရှိသည့် အခြေအနေများ၊ မွန်ပြည်သစ်ပါတီ (NMSP)အနေဖြင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေးကို ရည်မှန်းချက်ထားပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် အစဉ်တစိုက်ပါဝင်လျှောက်လှမ်းနေသည့်အခြေအနေများ၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲမှုများကို နိုင်ငံရေးအရသာ ဆွေးနွေးဖြေရှင်းရေးကိုလည်း ရပ်တည်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ သဘောထားအမြင်များကို တင်ပြဆွေးနွေးသည်။

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီတောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်သည့်အခြေအနေများ၊ ပါတီများကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက နိုင်ငံရေးကိုအခြေခံသည့်ပါတီ၊ ဒေသကို ကိုယ်စားပြုသည့်ပါတီ၊ တိုင်းရင်းသားကို ကိုယ်စားပြုသည့်ပါတီဟူ၍ ရှိပြီး မိမိတို့တစ်ဖွဲ့တည်း၊ တစ်ပါတီတည်း ကြည့်၍ မရဘဲ ပြည်ထောင်စုစိတ်ဖြင့် ပြည်ထောင်စုအကျိုးကို ရှေးရှုဆောင်ရွက်ကြရန်လိုသည့်အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မွန်ပြည်သစ်ပါတီ(NMSP)ဒုတိယဥက္ကဋ္ဌနိုင်အောင်မင်းအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် အောက်တိုဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၊ တာချီလိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ပန်းတနော်မြို့၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ ချောက်မြို့နယ်၊ ချင်းပြည်နယ် ဖလမ်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် မိတ္ထီလာမြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့်တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများ စသည့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပဈေးထက်သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ နယ်မြေခံတပ်မတော်သားများက ဟင်းသီးဟင်းရွက်များနှင့်တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးစဉ်။



ရခိုင်ပြည်နယ် စစ်တွေမြို့၌ နယ်မြေခံတပ်မတော်သားများက ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးစဉ်။

# မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပ



**သံဃာတော်များအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ဆွမ်း၊ ဆွမ်းဟင်းသပိတ်၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူစဉ်။**

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင်ဘုရင် မင်းတုန်းမင်းတရားကြီးတည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် မန္တလေးမြို့ လေးပြင်လေးရပ်မှ ပင့်သံဃာတော် ၂၅၆၆ ပါးတို့ကို သံဃဒါန ဆွမ်းတော်ကြီးလောင်းလှူပွဲကို အောင်မြေသာစံမြို့နယ် မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်းအတွင်း ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရားကို ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများ ကပ်လှူပူဇော်ပြီး ဂေါပကအဖွဲ့ထံအလှူငွေများလှူဒါန်းပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလှူရှင်များနှင့်အတူ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်းသပိတ်၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

ထို့နောက် ရေစက်သွန်းချမင်္ဂလာအခမ်းအနားကို ဂေါပကရုံးတွင်ဆက်လက်ကျင်းပရာ မဟာဝိဇယာရာမအရှေ့ခင်မကန်ကျောင်းတိုက် တိုက်အုပ် ပုဂံကျောင်းဆရာတော်ဘဒ္ဒန္တသုဇန အမှူးပြုသော မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရားဂေါပကအဖွဲ့ ဩဝါဒစရိယဆရာတော်ကြီး ကိုးပါး ကြွရောက်ချီးမြှင့်တော်မူသည်။

ဆက်လက်၍ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကာ ပုဂံကျောင်းဆရာတော်ထံမှ ငါးပါးသီလဆောက်တည်ပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်သော ပရိတ်တရားတော်များကို နာယူကြည်ညို၍ သင်္ကန်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၁၅၇ နှစ် သက်တမ်းရှိ မင်းတုန်းမင်းတရားကြီး လှူဒါန်းခဲ့သော ရွှေဟောင်းသမိုင်းဝင် အဓိဋ္ဌာန်အောင်လိုတရ သပိတ်တော်ကြီးနှင့် ရွှေပန်းချီ လက်ရာကားများ ပြသထားသည့်ပြတိုက်၊ သုဓမ္မာဇရပ်၊ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရန် ဘုရားပရိဝုဏ်အတွင်း အပြင် အမြင့်တင့်တယ်အောင် ဆောင်ရွက်ထားမှုနှင့် စောင်းတန်းတစ်လျှောက် သစ်ပင်စိုက်ပျိုးထားမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၂**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင်တပ်ဦးကျောင်းတိုက်၊ ပူတာအိုမြို့ရှိ မဟာဝန် သာသနာ့ရိပ်သာကျောင်းတိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်း၊ မွန်ပြည်နယ် သထုံမြို့ရှိ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်၊ ပဥ္စဂီရိချမ်းမြေ့စည်သီလရှင်ကျောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့ရှိ ဘုရားနှစ်ဆူ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက်ရှိ ဒညင်းကုန်းကျောင်းတိုက်၊ မှော်ဘီမြို့နယ် သရက်ကုန်းကျေးရွာရှိ အရှေ့သရက်ကုန်းကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ရှိ ဝေဠုဝန်မဓမ္မဒူတကျောင်းတိုက်၊ ပုသိမ်မြို့ရှိ ဟံသာဝတီကျောင်းတိုက်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ငါးကျောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းတော်ကြီးကျောင်း လေးကျောင်း၊ ပဲခူးတိုင်းဒေသကြီးပြည်မြို့ မာန်အောင်ရပ်ကွက်ရှိ ရတနာမာန်အောင်တောရဘုန်းတော်ကြီးကျောင်းနှင့် ပေါက်ခေါင်းမြို့ အမှတ်(၂) ရပ်ကွက်ရှိ ပညာဇောတာရုံဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနတပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် စားသောက်ဖွယ်ရာများ အသီးသီးသွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ရှောက်တောင်ကျေးရွာ တပ်ဦးဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များအား မကွေးတပ်နယ်မှ နယ်မြေခံ တပ်မတော်သားများက နေ့ဆွမ်း ဆက်ကပ် လှူဒါန်းစဉ်။**



# နေကြာမျိုးစေ့စိုက်ပျိုးထုတ်လုပ်ခြင်း ကွင်းပြပွဲနှင့် နေကြာစိုက်တောင်သူများကို နေကြာမျိုးစေ့နှင့် မြေဩဇာထောက်ပံ့ပေးအပ်



**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နေကြာမျိုးစေ့စိုက်ပျိုးထုတ်လုပ်ခြင်း ကွင်းပြပွဲနှင့် နေကြာမျိုးစေ့၊ မြေဩဇာထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် အောက်တိုဘာ ၁၂**

"စားသုံးဆီဖူလုံဖို့ နေကြာသီးနှံစိုက်ကြစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဒေသတွင်း ဆီစားသုံးမှုဖူလုံရေးနှင့် နေကြာစိုက်တောင်သူများကို နေကြာစိုက်ပျိုးရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ နေကြာမျိုးစေ့စိုက်ပျိုးထုတ်လုပ်ခြင်း ကွင်းပြပွဲနှင့် နေကြာစိုက်တောင်သူများကို နေကြာမျိုးစေ့နှင့် မြေဩဇာထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နေ့လယ်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် အမှတ်(၅)ကျေးရွာအုပ်စု အမှတ်(၁၀) ကျေးရွာရှိ နေကြာမျိုးစေ့ထုတ်စိုက်ခင်း၌ ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေကြာစိုက်တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက နေကြာမျိုးစေ့စိုက်ပျိုးထုတ်လုပ်ခြင်းကွင်းပြပွဲနှင့်နေကြာစိုက်တောင်သူများကို နေကြာမျိုးစေ့နှင့်မြေဩဇာထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နေကြာစိုက်တောင်သူများကို နေကြာမျိုးစေ့နှင့် မြေဩဇာများ အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ ဧက ၅၀ နေကြာမျိုးစေ့ထုတ်စိုက်ခင်းကို လိုက်လံကြည့်ရှုကာ တာဝန်ရှိသူများက နေကြာအထွက်နှုန်းကောင်းမွန်စေရန် ဆောင်ရွက်မှုနည်းစနစ်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ နေကြာမျိုးစေ့စိုက်ပျိုးထုတ်လုပ်ခြင်းကွင်းပြပွဲနှင့် နေကြာစိုက်တောင်သူများကို နေကြာမျိုးစေ့နှင့် မြေဩဇာထောက်ပံ့ပေးအပ်ပွဲတွင် နမ့်စန်မြို့နယ်အတွင်းရှိ နေကြာစိုက်တောင်သူ ဦးရေ ၁၀၀ အတွက် နေကြာမျိုးစေ့ ကီလို ၃၀၀ နှင့်မြေဩဇာအိတ် ၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ပြည်သူလူထုအနေနဲ့ အကြမ်းဖက် NUG၊ CRPH၊ PDF အဖွဲ့တွေကို ဝိုင်းဝန်းဆန့်ကျင်ကြဖို့၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ပူးပေါင်းပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်ငြိမ်းချမ်းသာယာရေးကို ဆက်လက်ဆောင်ရွက်သွားကြဖို့ ပြောလိုပါတယ်။

**ကျိုက်ထီးရိုးဖြစ်စဉ်နှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်**




**မေး။** ။ ဒီနေ့နံနက်ပိုင်းက မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးဘုရားကို လာရောက်ဖူးမြော်တဲ့ ဘုရားဖူးပြည်သူများကို ပစ်ခတ်ခံခဲ့ရတယ်လို့ ကြားသိရပါတယ်။ ဘုရားဖူးပြည်သူများ သေဆုံးဒဏ်ရာရရှိမှုများရှိတယ်လို့ သိရပါတယ်။ ဒီဖြစ်စဉ်နှင့်ပတ်သက်ပြီး ဗိုလ်ချုပ်အနေနဲ့ သတင်းထုတ်ပြန်ဖြေကြားပေးစေလိုပါတယ်။

**ဖြေ။** ။ ဒီနေ့မနက် ၁၀ နာရီ ၂၅ မိနစ်အချိန်ခန့်မှာ ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကျိုက်ထီးရိုးတောင်တက်တဲ့ မော်တော်ယာဉ်ဂိတ်အနီးမှာ ပစ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ အဲဒီဒေသမှာရှိတဲ့ ဒေသခံတွေ၊ မျက်မြင်တွေပြောပြချက်အရ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့စုံစမ်းချက်အရ အဲ့ဒီဘက်မှာရှိနေတဲ့ PDF အကြမ်းဖက်အဖွဲ့ ၁၂ ဦးခန့်က ကျိုက်ထိုမြို့နယ် ဆောင်နိုင်ကြီးကျေးရွာဘက်ကနေ ကားတစ်စီးနဲ့ ရောက်လာတယ်။ ရောက်လာပြီး ကျိုက်ထီးရိုးတောင်တက် တောင်ဘက်ကားဂိတ်အရှေ့ဘက် ကိုက် ၅၀ ခန့်အကွာ တောင်တက်ကားလမ်းပေါ်ကနေကားဂိတ်ဘက်ကို ၄၀ မမလက်နက်ငယ်တွေနဲ့ ပစ်ခတ်ခဲ့ပါတယ်။ ကျိုက်ထီးရိုးဘုရားကို ဘုရားဖူးလာတဲ့ပြည်သူတွေထဲက အမျိုးသမီး သုံးဦးသေဆုံးခဲ့ပါတယ်။ ဘုရားဖူးလာတဲ့ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၉ ဦးဒဏ်ရာရရှိခဲ့တယ်။ လုံခြုံရေးဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကရဲတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်းသိရပါတယ်။ ဒဏ်ရာရရှိတဲ့သူများကို ကျိုက်ထိုပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးထားပါတယ်။ ၁၁ နာရီ မိနစ် ၄၀ လောက်မှာ ကျိုက်ထိုပြည်သူ့ဆေးရုံကြီးကိုရောက်ရှိခဲ့တယ်လို့ သိရပါတယ်။ လိုအပ်လာရင် တပ်မတော်ဆေးရုံတွေမှာ ပို့ဆောင်ကုသပေးဖို့ စီစဉ်လျက်ရှိပါတယ်။ ကျွန်တော် ပထမဦးဆုံးပြောလိုတာက သေဆုံးဒဏ်ရာရသူများနဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ အထူးဝမ်းနည်းကြောင်းပြောလိုပါတယ်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ အခုဆိုရင် ဘုရားဖူးပြည်သူတွေကိုပါ လိုက်လံပစ်ခတ်တဲ့ အကြမ်းဖက်မှုမျိုးတွေ လုပ်ဆောင်လာတာကိုတွေ့ရပါတယ်။ ဒါတွေက ဘာတွေနဲ့ ဆက်စပ်နေသလဲဆိုတော့ မနေ့တစ်နေ့ကပဲ အကြမ်းဖက် NUG အဖွဲ့ရဲ့ သမ္မတလို့ အမည်ခံထားတဲ့သူကိုယ်တိုင်က တိုက်ခိုက်မှုများ အရှိန်အဟုန်မြှင့်ပြီး ဆက်လုပ်သွားမယ်ဆိုတဲ့နောက်မှာ ပေါ်ထွက်လာတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို ဆက်လက်ပြီးတော့ ပြတ်ပြတ်သားသားချေမှုန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကင်မွန်းချောင်းကျေးရွာမှာရှိတဲ့ ဘုရားဖူးဂိတ်ကိုပစ်ခတ်ခဲ့တဲ့ အကြမ်းဖက် PDF သောင်းကျန်းသူတွေရဲ့နောက်ကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံချေမှုန်းလျက်ရှိပါတယ်။ ပြည်သူလူထုအနေနဲ့ သီတင်းကျွတ်အခါသမယမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုအရ ဒီနှစ်မှာ ပိုမိုစည်ကားလာတာကိုတွေ့ရတယ်။ တန်ခိုးကြီးဘုရားတွေမှာဆိုလည်း သွားရောက်ဖူးမြော်နေတာရှိတယ်။ ဒါဟာရိုးရာအစဉ်အလာပဲဖြစ်ပါတယ်။ ဒါတွေကိုဆန့်ကျင်ပြီးလုပ်နေတဲ့ အမျိုးဘာသာသာသနာကိုပါ တိုက်ရိုက်ထိပါးစော်ကားလာတဲ့ အကြမ်းဖက်လာတဲ့လုပ်ရပ်တွေဖြစ်ပါတယ်။ ဒါတွေကိုလည်း ပြည်သူလူထုအနေနဲ့ အကြမ်းဖက် NUG၊ CRPH၊ PDF အဖွဲ့တွေကို ဝိုင်းဝန်းဆန့်ကျင်ကြဖို့၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ပူးပေါင်းပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်ငြိမ်းချမ်းသာယာရေးကို ဆက်လက်ဆောင်ရွက်သွားကြဖို့ ပြောလိုပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်ဆောင်စရာရှိတဲ့ လုံခြုံရေးအရ လုပ်ဆောင်မှုတွေကို ပြတ်ပြတ်သားသားလုပ်ဆောင်သွားမယ်လို့ ပြောလိုပါတယ်။

## ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာ ဥတ္တရာမဒေးဒရဲကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဥတ္တရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာ ဥတ္တရာမဒေးဒရဲကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဥတ္တရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော် ၈၆ နှစ် သိက္ခာတော် ၆၆ ဝါအရ ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီ ၃၇ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခုက ယာဉ်နှစ်စီးဖြင့် နှာခေါင်းစည်း(Mask) ၁၇ ဒသမ ၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ဥယျာဉ်စုအုပ်စု ဦးကျေးရပ်ကွက်နေ ဌေးသွင်သည် ၎င်းအသုံးပြုသည့် "Htay Thwin" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျို့ကုန်းကျေးရွာနေ သူရစိုး(ခ)ဖိုးချက်သည် ၎င်းအသုံးပြုသည့် "Thura Soe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်သူများ ကျန်းမာစေဖို့ ဆီစားသုံးမှု လျှော့ချစို့**

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများ စားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# KNLA တပ်မဟာ(၁)နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ကျိုက်ထီးရိုးဘုရား ကင်မွန်းချောင်းတောင်တက်ကားဂိတ်ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်၊ ဘုရားဖူးပြည်သူ သုံးဦး သေဆုံး၊ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိ

**KNLA တပ်မဟာ(၁) နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်ထီးရိုးဘုရား၊ ကင်မွန်းချောင်းတောင်တက် ကားဂိတ် အား လက်နက်ကြီး၊ လက်နက်ငယ် များဖြင့် အကြောင်းမဲ့ရက်စက်မိုက်မဲစွာလာရောက်ပစ်ခတ် သည့်နေရာပြပုံ**




နေပြည်တော် အောက်တိုဘာ ၁၂ ကျိုက်ထီးရိုး ဆံတော်ရှင်မြတ်စွာဘုရား မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကင်မွန်းချောင်း တောင်တက်ကားဂိတ်ကို ယနေ့နံနက်ပိုင်းတွင် KNLA တပ်မဟာ (၁) နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ လာရောက် ပစ်ခတ်ခဲ့ရာ ဘုရားဖူးပြည်သူ သုံးဦးသေဆုံး ခဲ့ပြီး ၁၉ ဦးထိ ခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဝါကျွတ်ကာလ အများပြည်သူ များ အေးချမ်းစွာ ကျိုက်ထီးရိုးဆံတော်ရှင် မြတ်စွာဘုရားကို ဖူးမြော်ကုသိုလ်ယူ၍ စည်ကားလျက်ရှိစဉ် KNLA တပ်မဟာ (၁) နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမား ပူးပေါင်း အဖွဲ့တို့က ယနေ့နံနက် ၁၀ နာရီ ၂၅ မိနစ် ခန့်တွင် ဆောင်နိုင်ကြီးရွာဘက်မှ မော်တော် ယာဉ်တစ်စီးဖြင့်ရောက်ရှိလာပြီး လက်နက် ကြီး၊ လက်နက်ငယ်များဖြင့် ကင်မွန်းချောင်း တောင်တက်ကားဂိတ်ကို အကြောင်းမဲ့ ရက်စက်မိုက်မဲစွာပစ်ခတ်ကာ ဆောင်နိုင်ကြီး ရွာဘက်သို့ ပြန်လည်ထွက်ပြေးသွားခဲ့သည်။ ထိုသို့ပစ်ခတ်ခဲ့ခြင်းကြောင့် ဘုရားဖူးလာ ရောက်ကြသည့် အပြစ်မဲ့ပြည်သူ အမျိုးသမီး သုံးဦး သေဆုံးခဲ့ပြီး အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၉ ဦး ထိခိုက် ဒဏ်ရာများရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရှိ သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ် သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး ခဲ့ပြီး ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ထွက်ပြေးသွားသည့် အကြမ်းဖက်သမားများကို ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ထက်ကြပ်လိုက်လံ ချေမှုန်းလျက်ရှိကြောင်း သိရသည်။

NUG၊ CRPH အနေဖြင့် ဝါကျွတ် ကာလအတွင်း နိုင်ငံအနှံ့အပြားရှိ ဘုရား ကျောင်းကန်များ၊ အပန်းဖြေစခန်းများတွင် အများပြည်သူများ စည်ကားသိုက်မြိုက်စွာ ဖြင့် အေးချမ်းပျော်ရွှင်စွာ ဘုရားဖူးခြင်း၊ အပန်းဖြေအနားယူနေခြင်းတို့အပေါ် မရှု ဆိတ်သော အောက်တန်းကျသည့်စိတ်ဓာတ် ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ ယခုဖြစ်စဉ် သည်လည်း ၎င်းတို့၏ခိုင်းစေချက်အရ KNLA တပ်မဟာ(၁)နှင့် PDF အမည်ခံ အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့အနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူ အေးချမ်းစွာဖြင့် ဘုရားဖူးကုသိုလ်ယူလျက် ရှိသော သာသနာ့နယ်မြေအတွင်း ရက်စက် မိုက်မဲစွာ အကြမ်းဖက်လုပ်ရပ်လုပ်ဆောင် မှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါစစ်ရာဇဝတ် မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ၊ ရာဇသတ်ကြီးနှင့်သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေး ဆောင်ရွက်မှု (Counter-terrorism Action) ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့် အများပြည်သူများအနေဖြင့် အကြမ်း ဖက်အဖွဲ့၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားရန် အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။





KNLA တပ်မဟာ(၁)နှင့်PDF အမည်ခံအကြမ်းဖက်သမားများ၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့်ဘုရားဖူးပြည်သူ မှတ်တမ်းဓာတ်ပုံ။

# CRPH နှင့် NUG တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံတော်ကို အလုံးစုံပျက်သုဉ်းရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများပျက်ပြားစေရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများမရှိစေရေး စသည့်ရည်ရွယ်ချက်များဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီး



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)- တီကျစ် ဓာတ်အားလိုင်းအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



ဖျက်ဆီးခဲ့သော ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)- တီကျစ် ဓာတ်အားလိုင်းအား ပြန်လည်ပြုပြင် ပြီးစီးမှုကိုတွေ့ရစဉ်။

၆၆ ကေဗွီ ကျွန်းချောင်း- မြိုင်(၂) ဓာတ်အားလိုင်း တိုင်အမှတ်(၄၂၇) Sus; တိုင်အား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



၆၆ ကေဗွီ ကျွန်းချောင်း- မြိုင်(၂) ဓာတ်အားလိုင်း တိုင်အမှတ်(၄၂၇) Sus; တိုင်အား ပြန်လည်ပြုပြင် ပြီးစီးမှုကိုတွေ့ရစဉ်။



# CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးများ ပျက်ပြားစေရန်ရည်ရွယ်၍ လမ်း၊တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



၂၀၂၂ ခုနှစ် ဇူလိုင် ၉ ရက်တွင် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများက မန္တလေး-မုံရွာကားလမ်းမပေါ်ရှိ မြင်းမူမြို့ဝင် တိုးဂိတ်ကို လက်လုပ်မိုင်းဖြင့်ဖောက်ခွဲမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် မတ် ၁၃ ရက်တွင် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးရှိ တံတားအမှတ်(၅/၉၁)ကို မိုင်းခွဲဖျက်ဆီးထားမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၂ ရက်တွင် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများက ဘီးလင်းမြို့နယ် တောင်ခွန်းကျေးရွာ သဲပြုချောင်းတံတားအနီး ရန်ကုန်-မော်လမြိုင်သွားမီးရထားလမ်း မိုင်တိုင်အမှတ်(၁၁၀/၃) နှင့်(၄)အကြား လက်လုပ်မိုင်းထောင်ထားမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများက ကျောက်ကြီးမြို့နယ် ကျောက်ပြားကျေးရွာရှိ ကျောက်ကြီး-မုန်းကားလမ်း မိုင်တိုင်(၄၆/၂)ကြား တံတားအမှတ်(၁/၄၇)ကို မိုင်းခွဲဖျက်ဆီးထားမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၂**

CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းကောင်းများကို မတရားစွပ်စွဲ ရက်စက်စွာသတ်ဖြတ်ခြင်းများပြုလုပ်လျက်ရှိသည့်အပြင် နိုင်ငံပိုင်အဆောက်အအုံ၊ ရုံးဌာနများ၊ အများပြည်သူနှင့်သက်ဆိုင်သောအဆောက်အအုံများကို နှောင့်ယှက်ဖျက်ဆီးမှုများကို လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ် လွယ်ကူချောမွေ့စေရေးတို့အတွက် အစိုးရအဆက်ဆက် နိုင်ငံတော်ဘဏ္ဍာငွေများ အမြောက်အမြားအသုံးပြုပြီး အချိန်ကာလကြာရှည်စွာ တည်ဆောက်ထားသည့် လမ်း၊တံတားများကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ရာ ယနေ့ထိ ၇၃၂ ကြိမ်လုပ်ဆောင်ခဲ့မှုကိုဖော်ပြပါအတိုင်းတွေ့ရှိရသည်-

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်လွယ်ကူချောမွေ့စေရေးဆောင်ရွက်နေမှုများအပေါ် PDF အမည်ခံ အကြမ်းဖက်သမားများက ယခုကဲ့သို့ လမ်း၊တံတားများကို မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ပူးပေါင်းကာကွယ်သွားကြရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့ကာ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်အပ်ပါသည်။



၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများက ကျောက်ကြီးမြို့နယ် ကျောက်ကြီး-နတ်သံကွင်း ကားလမ်း မိုင်တိုင်(၁၄၂/၁၄၃)ကြား ကားလမ်းကို မိုင်းထောင်ဖောက်ခွဲထားမှု မှတ်တမ်းဓာတ်ပုံ။

**တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း၊ ၁-၂-၂၀၂၁ရက်မှ ၃၀-၉-၂၀၂၂ရက်ထိ လမ်းတံတားများဖျက်ဆီးခံရမှု**

| စဉ် | တိုင်းဒေသကြီး၊ ပြည်နယ် | လမ်းတံတားဖျက်ဆီးခံရမှုအကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | နေပြည်တော် | ၁၃ | |
| ၂ | ကချင် | ၃၇ | |
| ၃ | ကယား | ၉ | |
| ၄ | ကရင် | ၁၆ | |
| ၅ | ချင်း | ၅ | |
| ၆ | စစ်ကိုင်း | ၁၈၆ | |
| ၇ | တနင်္သာရီ | ၁၁ | |
| ၈ | ပဲခူး | ၄၃ | |
| ၉ | မကွေး | ၄၇ | |
| ၁၀ | မန္တလေး | ၁၀၁ | |
| ၁၁ | မွန် | ၅၃ | |
| ၁၂ | ရခိုင် | ၁ | |
| ၁၃ | ရန်ကုန် | ၁၈၃ | |
| ၁၄ | ရှမ်း | ၁၇ | |
| ၁၅ | ဧရာဝတီ | ၁၀ | |
| | ပေါင်း | ၇၃၂ | |



၂၀၂၂ ခုနှစ် မတ် ၃ ရက်တွင် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများက ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ရှိ ဝင်းကံတံတားကို မိုင်းခွဲဖျက်ဆီးထားမှု မှတ်တမ်းဓာတ်ပုံ။

# စိတ်အရိုင်းကို စိတ်သမိုင်းနဲ့ထိန်းရမယ်

မြမြဆွေ(စိတ်ပညာ)

မနက်စောစော တစ်ရက်ကပေါ့။ အိမ်ရှေ့မျက်နှာစာမှာ ပန်းပင်၊ သစ်ပင်လေးတွေ မြေဆွ၊ ပေါင်းနုတ်လုပ်နေတုန်း ရပ်ကွက်ထဲက မိတ်ဆွေတစ်ယောက်က

"ဆရာမ၊ မေးခွန်းလေးတစ်ခုလောက်မေးချင်ပါတယ်"တဲ့။ ဒါနဲ့ ကျွန်မကလဲ "ဟုတ်ကဲ့မေးပါရှင်" လို့ပြန်ပြောလိုက်ပါတယ်။ သူက ရပ်ကွက်ထဲက လူရွယ်တစ်ယောက်ပါ။ အမြဲတမ်းပြုံးရွှင်စွာ နှုတ်ဆက်လေ့ရှိပါတယ်။

သူက "အခြားအိမ်တွေလဲ သစ်ပင်စိုက်ကြပါတယ်။ ဒါပေမဲ့ ဆရာမရဲ့အိမ်က သစ်ပင်တွေလောက် မလှကြဘူး။ ဆရာမအိမ်က သစ်ပင်တွေက စိမ်းစိုလှပနေတာလို့ ပြောကြတယ်။ လျှို့ဝှက်ချက်လေးသိချင်ပါတယ်"တဲ့။

ကျွန်မကလဲ ရယ်မောပြီး "ကျွန်မရဲ့ အိမ်အမည်ကိုက 'စိမ်းလဲ့မြိုင်'လို့ပေးထားတာလေ။ အမည်နဲ့လိုက်အောင် အမြဲစိမ်း၊ အမြဲလဲ့၊ အမြဲမြိုင်နေအောင် ထိန်းသိမ်းရတာပေါ့ရှင်။ နေ့စဉ်ရေလောင်းရုံတင်မကဘူး။ မြေဆွ၊ ပေါင်းသင်ပေးရတယ်။ အမှိုက်ရှင်းပေးရတယ်။ အပင်အားတိုးဆေးတွေလဲကျွေးရတယ်။ နှစ်နဲ့ချီပြီး မပျင်းမရိလုပ်ရတာလေ။ ကိုယ်ကဝါသနာပါတာရောပေါ့နော်"လို့ ပြန်ပြောမိတယ်။

သူက ဆက်ပြီး "ဆရာမတို့နဲ့ မျက်နှာချင်းဆိုင်အိမ်က အဘကဆိုရင် ဆရာမရဲ့သစ်ပင်၊ ပန်းပင်လေးတွေကြည့်ပြီး စိတ်ချမ်းသာနေတာတဲ့။ ဆရာမတို့ရောက်လာမှ ဒီလမ်းလေးကသာယာပြီး ကျက်သရေရှိနေတာတဲ့။ အဘက သဘောကျနေတာဆရာမ"လို့ဆိုတော့-

"ဟုတ်ကဲ့ပါ။ ကျွန်မအိမ်ထဲမှာလဲ သစ်ပင်တွေအများကြီးစိုက်ထားပါတယ်။ ကျွန်မရဲ့အစ်မတွေကလဲ သစ်ပင်စိုက်တာ ဝါသနာပါကြတယ်။ အလှအပလဲကြိုက်ကြပါတယ်။ ကိုယ့်အိမ်ထဲမှာ သာယာလှပတော့ အိမ်သားတွေစိတ်ချမ်းသာရပါတယ်။ အခြားလူတွေကိုလဲ စိတ်ချမ်းသာစေချင်လို့ အိမ်ပြင်မှာလဲ စိုက်ထားပါတယ်။ အပင်တွေဆိုဝယ်ရတာပါ။ သနပ်ခါးပင်၊ ရွှက်လှပင်၊ စံပယ်ပင်၊ နှင်းဆီပင်၊ စက္ကူပန်းပင် စတာတွေ ဝယ်ရပါတယ်။ ငွေကုန်ပေမဲ့ စိတ်ကကြည်နူးရပါတယ်။ မြင်ရသူစိတ်ချမ်းသာတယ်လေ"

"ဟုတ်တယ်ဆရာမ။ အရင်က ဒီရပ်ကွက်လမ်းလေးက အမှိုက်တွေ၊ ချုံပုတ်တွေနဲ့ ရှုပ်ပွနေတာပဲ။ ဆရာမတို့ရောက်လာမှ ရှေ့ဆောင်လမ်းပြအနေနဲ့ ချုံတွေရှင်း၊ ရေမြောင်းတွေ အမှိုက်ဆယ်၊ သစ်ပင်စိုက်ဆိုတော့ အခြားအိမ်တွေကပါ လိုက်လုပ်လာကြတာ။ အခုတော့ လမ်းလေးက သာယာနေပြီ။ အဲဒါ ဆရာမရေးခဲ့တဲ့ ဆရာမရဲ့သမိုင်းလေးပါပဲဆိုတာ အဘနဲ့ ပြောနေကြတာပါ"

"ဟုတ်ကဲ့ အခုလိုပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

"ဟိုတစ်လောက ရေကြီးပြီး လမ်းတွေပိတ်လို့ စည်ပင်ကအလုပ်သမားတွေ အမှိုက်လာဆယ်ကြတော့ ဒီလမ်းလေးနဲ့ ဒီရေမြောင်းနားလေးက ပန်းခြံလေးနဲ့တူလိုက်တာ၊ သာယာလိုက်တာလို့ပြောကြတယ်။ ဆရာမရဲ့ တံတားစိမ်းစိမ်းလေးကိုလဲ သဘောကျနေကြတာပါ။ ဟုတ်ကဲ့။ ဆရာမလဲ သစ်ပင်လေးတွေနားနေပြီး ကျန်းမာနေတာဖြစ်မယ်နော်။ သွားလိုက်ပါအုံးမယ်" ဆိုပြီးပြောတော့-

"ဟုတ်ကဲ့ပါရှင်"လို့ နှုတ်ဆက်လိုက်ပါတယ်။

စောစောက မိတ်ဆွေပြောသလိုပါပဲ။ အပြောင်းအလဲတစ်ခုကို စတင်လုပ်ဆောင်ဖို့ဆိုရင် ပြဿနာတွေတော့ ရင်ဆိုင်ရပါတယ်။ ချုံတွေလူခေါ်ရှင်း၊ အမှိုက်တွေကိုစုထည့်၊ အမှိုက်ကားကို သီးသန့်ခေါ်ပစ်လုပ်ရပါတယ်။ မလိုအပ်တဲ့အပင်တွေရှင်းလို့ လာပြောတဲ့သူရှိသလို ကိုယ်အသစ်စိုက်တဲ့အပင်တွေကို ခဏခဏနုတ်ပစ်တာလဲခံရပါတယ်။ လမ်းဘေးအရိပ်ရပင်စိုက်တာကို နုတ်ပါတယ်။ သနပ်ခါးပင်စိုက်လဲ နုတ်ပါတယ်။ ကိုယ်ကလဲ ဇွဲရှိရှိနဲ့ ထပ်စိုက်ပါတယ်။ မနက်စောစောပိုင်းထပြီး လမ်းမပေါ်အမှိုက်လှည်းပါတယ်။ အမှိုက်ကားလာရင်ထည့်ပါတယ်။ နောက်ပိုင်းမှာ ကိုယ့်ရဲ့ ဇွဲလုံ့လကို ဘယ်သူမှမနိုင်တော့ပါဘူး။ ဖျက်ဆီးချင်သူတွေနောက်ဆုတ်သွားကြပါတယ်။ ကိုယ်က နွေ၊ မိုး၊ ဆောင်း မပျက်မကွက် သစ်ပင်လေးတွေကို အရိပ်တကြည့်ကြည့်နဲ့ ယုယနေတော့ ကိုယ်က အနိုင်ရသွားပါတယ်။

အခုတော့ သုံးနှစ်ကျော်ကာလအတွင်း ကိုယ့်ရဲ့ လက်မောင်းတွေ တုတ်လာသလို တမာပင်၊ သရက်ပင်၊ မည်စည်ပင် သို့မဟုတ် မဇ္ဈူသကပင်တွေရဲ့ ပင်လုံးတွေတုတ်ပြီး ကြီးထွားနေကြပါပြီ။ အရိပ်တွေရနေပြီ။ ပန်းတွေကလဲ ရောင်စုံလှပမွှေးကြိုင်နေပါပြီ။ 'စိမ်းလဲ့မြိုင်'ဆိုတဲ့အမည်နဲ့ လိုက်ဖက်နေပါပြီ။ ဇွဲလုံ့လရဲ့ အကျိုးကို ခံစားရပါပြီ။ ဒါကြောင့် လူတွေမှာ အမည်နာမနဲ့ညီအောင် ထိန်းချုပ်တဲ့စိတ်သမိုင်းရှိဖို့ အရေးကြီးပါတယ်။ မိမိစိတ်သမိုင်းကိုထိန်းချုပ်သူက စိတ်အရိုင်းတွေကို ဖယ်ရှားဖို့လိုပါတယ်။ သူတစ်ပါးစိုက်ပျိုးထားတဲ့ အမြတ်တနိုးသစ်ပင်တွေကို ဆွဲနုတ်ဖျက်ဆီးသူတွေဟာ စိတ်အရိုင်းဝင်နေတဲ့သူတွေဖြစ်ပါတယ်။ လူရယ်လို့ဖြစ်လာပြီး လူမပီသဘဲ ကိုယ့်အတ္တကိုသာ ရှေ့တန်းတင်ကာ သူတစ်ပါးရဲ့ဘဝတွေလှပသွားမှာကို မနာလိုစိတ်ကြီးစိုးသူတွေဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းမှာ စိတ်အရိုင်းဝင်သူတွေနည်းပါးပြီး စိတ်သမိုင်းကို သာယာလှပမှုတွေနဲ့ ထိန်းထားနိုင်တဲ့သူတွေများဖို့လိုပါတယ်။

❖ လူတွေမှာ အမည်နာမနဲ့ညီအောင် ထိန်းချုပ်တဲ့စိတ်သမိုင်းရှိဖို့ အရေးကြီးပါတယ်။ မိမိစိတ်သမိုင်းကိုထိန်းချုပ်သူက စိတ်အရိုင်းတွေကို ဖယ်ရှားဖို့လိုပါတယ်။ သူတစ်ပါးစိုက်ပျိုးထားတဲ့ အမြတ်တနိုးသစ်ပင်တွေကို ဆွဲနုတ်ဖျက်ဆီးသူတွေဟာ စိတ်အရိုင်းဝင်နေတဲ့သူတွေဖြစ်ပါတယ်။ လူရယ်လို့ဖြစ်လာပြီး လူမပီသဘဲ ကိုယ့်အတ္တကိုသာ ရှေ့တန်းတင်ကာ သူတစ်ပါးရဲ့ဘဝတွေလှပသွားမှာကို မနာလိုစိတ်ကြီးစိုးသူတွေဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းမှာ စိတ်အရိုင်းဝင်သူတွေနည်းပါးပြီး စိတ်သမိုင်းကို သာယာလှပမှုတွေနဲ့ ထိန်းထားနိုင်တဲ့သူတွေများဖို့လိုပါတယ်။ ❖

❖ လူတွေမှာ အမည်နာမနဲ့ညီအောင် ထိန်းချုပ်တဲ့စိတ်သမိုင်းရှိဖို့ အရေးကြီးပါတယ်။ မိမိစိတ်သမိုင်းကိုထိန်းချုပ်သူက စိတ်အရိုင်းတွေကို ဖယ်ရှားဖို့လိုပါတယ်။ သူတစ်ပါးစိုက်ပျိုးထားတဲ့ အမြတ်တနိုးသစ်ပင်တွေကို ဆွဲနုတ်ဖျက်ဆီးသူတွေဟာ စိတ်အရိုင်းဝင်နေတဲ့သူတွေဖြစ်ပါတယ်။ လူရယ်လို့ဖြစ်လာပြီး လူမပီသဘဲ ကိုယ့်အတ္တကိုသာ ရှေ့တန်းတင်ကာ သူတစ်ပါးရဲ့ဘဝတွေလှပသွားမှာကို မနာလိုစိတ်ကြီးစိုးသူတွေဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းမှာ စိတ်အရိုင်းဝင်သူတွေနည်းပါးပြီး စိတ်သမိုင်းကို သာယာလှပမှုတွေနဲ့ ထိန်းထားနိုင်တဲ့သူတွေများဖို့လိုပါတယ်။ ❖

တစ်ခါတလေ တွေးမိပါတယ်။ လူသားလို့အမည်ခံထားပေမဲ့ လူသားသမိုင်းကို စိတ်အရိုင်းတွေနဲ့ရေးသားနေကြတာတွေ့ရတော့ တိရစ္ဆာန်လေးတွေ၊ သစ်ပင်လေးတွေလောက်တောင် သမိုင်းတာဝန်မကျေတဲ့သူတွေ တွေ့မြင်နေရပါတယ်။ ငှက်ကလေးတွေဆို မနက်စောစောမှာ ချစ်စဖွယ်သာယာတဲ့ အသံလေးတွေနဲ့ နိုးထလာကြတာ ချစ်စရာပါ။ နွေဦးရောက်လာတာနဲ့ ဥဩရဲ့တွန်သံကိုကြားရပါတယ်။ "ဥဩ"ဆိုတဲ့အသံလေးကြားတော့ တူမလေးက ပြောလာပါတယ်။ "တီတီ ဥဩငှက်လေးက လိမ္မာတယ်နော်။ သူ့ကို နာမည်ပေးထားတာကို ပီပီသသဆိုတတ်တယ်နော်" ဆိုလို့ ရယ်ရသေးတယ်။ သူ့ရဲ့တွန်သံကြောင့် နာမည်ပေးထားတာကို ရှင်းပြရသေးတယ်။ ဘာပဲပြောပြော ဥဩလေးဟာ သူ့တာဝန်က နွေဦးမှာတွန်ရမယ်ဆိုတဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါတယ်။ ကျန်တဲ့ ရာသီကာလတွေမှာတော့ တိတ်ဆိတ်ခြင်းဖြင့် တာဝန်ကျေအောင် စောင့်ထိန်းနေတဲ့ငှက်ကလေးပါ။ တိရစ္ဆာန်လေးတွေတောင် သဘာဝပတ်ဝန်းကျင်ကို အလှဆင်ကာ ကိုယ့်ရဲ့သမိုင်းကို ကိုယ့်ဘာသာ ထိန်းသိမ်းကြပါတယ်။

ညမွှေးပန်းပင်လေးကိုကြည့်တော့လဲ အပွင့်အခက်တွေက လှလှပပစီစီရီရီနဲ့ လောကကိုအလှဆင်နေပါတယ်။ ပန်းပွင့်ပေမဲ့ နေ့မှာတော့ ရနံ့မမွှေး၊ ညရောက်မှ ရနံ့လေးက သင်းပျံ့လာပါတယ်။ ညနေစောင်းတာတောင် မမွှေးသေးပါဘူး။ ပီပီပြင်ပြင် ညရောက်လာမှ ပတ်ဝန်းကျင်မှာ မွှေးပျံ့တဲ့ရနံ့တွေ ဖြန့်ဝေပေးပါတယ်။ ကျွန်မက စမ်းသပ်ချင်တာနဲ့ ညမွှေးပန်းလေးတွေခူးပြီး ဘုရားစင်မှာ ကပ်လှူခဲ့ပါတယ်။ နေ့ခင်းမှာလှပတဲ့ပန်းလေးတွေက ဘာအနံ့မှ မရပါဘူး။ ညရောက်တော့ ဘုရားရှိခိုးတဲ့အခါ ညမွှေးပန်းလေးတွေက အနံ့လေးတွေမွှေးလာပါတယ်။ သစ်ပင်မှာမဟုတ်ဘဲ ခူးပြီးဘုရားမှာတင်ထားတဲ့ ညမွှေးပန်းလေးတွေကတောင် သူ့ရဲ့အမည်၊ သူ့ရဲ့သမိုင်းကို ထိန်းသိမ်းစောင့်ရှောက်ပြီး တာဝန်ကျေခဲ့ပါတယ်။ 'ပန်းတို့ရဲ့ဘုရင်မ'လို့တင်စားရတဲ့ 'နှင်းဆီ'ပန်းပင်လေးကို ကြည့်မယ်ဆိုရင် ပွင့်ဖတ်၊ ပွင့်ချပ်တွေက အစီအရီနဲ့ ရနံ့ကလေးကလဲ သင်းပျံ့မွှေးအီနေတော့ မြင်သူတိုင်း လှလိုက်တာလို့ တဖွဖွပြောကြပါတယ်။ အဆင်းလဲလှ၊ အချင်းလဲလှလို့ "ပန်းဘုရင်မ"ဆိုတဲ့ အမည်ကိုရထားတော့ သူ့သမိုင်းကို မရိုင်းရအောင် အပွင့်သေးသေးပဲဖြစ်ဖြစ်၊ အပွင့်ကြီးကြီးပဲဖြစ်ဖြစ် သူ့ဂုဏ်သူထိန်းပြီး သူ့တာဝန်သူကျေ အမြဲလှပနေပါတယ်။

ဩော်. . . "လူ"လို့အမည်ခံထားတဲ့ လူပေမဲ့လဲ လူစိတ်ကင်းမဲ့ပြီး လောကကို အရုပ်ဆိုးအကျည်းတန်အောင်လုပ်တဲ့လူတွေလဲ ရှိနေကြပြန်တယ်။ အမှိုက်ကင်းစင်၊ ကြည်လင်နေတဲ့ ရေမြောင်းလေးထဲကို ညစ်ပတ်တဲ့အမှိုက်ထုပ်တွေ၊ ပစ္စည်းဟောင်းတွေ စွန့်ပစ်တဲ့သူတွေရှိတယ်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ အများအမြင် စိတ်ကြည်လင်အောင်စိုက်ထားတဲ့ ပန်းပင်လေးတွေကို ဆွဲနုတ်သွားသူတွေလဲရှိတယ်။ အမှိုက်ကင်းစင်၊ သန့်စင်နေတဲ့လူသွားလမ်းပေါ်ကို ကွမ်းသွေးတွေထွေး၊ အမှိုက်တွေ ပစ်ချသူတွေလဲရှိတယ်။ သစ်ပင်ရိပ်မှာနားရင်း ရေသန့်ဘူးခွံ၊ မုန့်အမှိုက်ခွံတွေ ပစ်သွားတဲ့သူလဲရှိတယ်။ ကိုယ့်ရဲ့အတွင်းစိတ်က အတ္တစိတ်အရိုင်းတွေ ဘယ်လောက်များသလဲဆိုတာ အပြုအမူသမိုင်းနဲ့ပြသွားကြတာက မြင့်မြတ်တယ်ဆိုတဲ့ လူသားပါပဲ။

ဒါကြောင့် လူရယ်လို့ဖြစ်လာရင် မိမိအမည်ရယ်၊ မိမိရယူထားတဲ့နေရာရယ်မှာ သမိုင်းလှလှလေးတွေ ရေးခြယ်ဖို့လိုအပ်ပါတယ်။ အဲဒီသမိုင်းကို အစိကရေးပေးတာကတော့ ကိုယ့်ရဲ့စိတ်သမိုင်းပါပဲ။ ကိုယ့်ရဲ့စိတ်သမိုင်းလှပစေဖို့ စိတ်အရိုင်းတွေကို ထိန်းရပါမယ်။ စိတ်ဆိုတာ မကောင်းမှုမှာမွေ့လျော်တာများပါတယ်။ အဲဒါစိတ်အရိုင်းတွေပါပဲ။ စိတ်အရိုင်းကနေ စိတ်အယဉ်ဖြစ်ဖို့ ကောင်းမှုမှာမွေ့လျော်နိုင်အောင် ကြိုးစားပြုပြင်ယူရပါမယ်။ မိမိမှာရှိနေတဲ့ စိတ်အရိုင်းတွေကို စိတ်သမိုင်းအယဉ်နဲ့ထိန်းကာ ကိုယ့်တာဝန်ကိုယ်ကျေကြရင်း လောကကို အလှဆင်နိုင်ကြပါစေကွယ်။

# တောင်တွင်းကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**တောင်တွင်းကြီး အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၂ ရွာ အတွက် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်သည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ပံ့ပိုးပေးရန် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့် ပင်တိုင်၊ ရွာမနား၊ သရက်စု၊ ပျဉ်းမကြီး၊ ကံဘေးကြီး၊ ကံလှကန်၊ ဆီမီးထွန်း၊ ဝက္ကသေး၊ ပရပ်ကြယ်၊ အောင်ခိုင်၊ အောင်စုနှင့် ဘိုကုန်းကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ကျပ် သိန်း ၁၆၀၀ ကို သက်ဆိုင်ရာကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၂ ရွာမှ ကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်ဦး**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးကေလျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါး ၂၅၀၅၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၂၅၂၁၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မိုးစပါးဧက ၂၀၀၀၀ ကျော်စိုက်ဖို့ လျာထားတာ။ လက်ရှိမှာတော့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စပါးကို တောင်ယာစနစ် စိုက်ကြပါတယ်။ ဒါ့ပြင် ခေတ်မီတဲ့လှေကားထစ်နည်းစနစ်တွေ၊ မိုးကောင်းသောက်စနစ်တွေနဲ့ စိုက်ပျိုးကြပါတယ်။ အခုတော့ တောင်ယာစပါးတွေ စိုက်နေကြတာ။ မိုးစပါးစိုက်ပျိုးမှုကတော့ တိုးတက်လာတဲ့ အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၃၁၂၂ ဧက၊ ဆွမ္မရာမြို့တွင် ၂၀၂၇ ဧက၊ လဟယ်မြို့နယ်တွင် ၅၈၈၄ ဧက၊ ထန်ပါခွေဒေသတွင် ၁၅၁၁ ဧက၊ နန်းယွန်းမြို့နယ်တွင် ၂၅၅၆ ဧက၊ ပန်ဆောင်ဒေသတွင် ၅၁၈၂ ဧက၊ ဒုံဟီးဒေသတွင် ၄၉၃၇ ဧက စုစုပေါင်း ၂၅၂၁၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါးစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမျိုးများစိုက်ပျိုးရေးနှင့်သဘာဝမြေဩဇာများ သုံးစွဲတတ်လာရေး သဘာဝမြေဩဇာများ ပြုလုပ်နည်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်တွင် ငှက်ပျော ၂၀၈၇ ဧကစိုက်ပျိုးပြီးစီး

**ဟသ်ာတ အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျော ၂၀၈၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟသ်ာတမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟသ်ာတမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောအပင်သစ် ၂၀၈၇ ဧကကို ဇွန်လနှင့် ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး ယခုအခါ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါငှက်ပျောသီးနှံကို ဒေသခံတောင်သူများက ယခင်နှစ်စိုက်ပျိုးခဲ့သည့် အပင်များကို စနစ်တကျသန့်စင်ရွေးထုတ်ပြီး စိုက်ပျိုးရေးဦးစီးဌာန၏ညွှန်ကြားချက်ဖြင့် ပြန်လည်အသုံးပြု စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်သူတွေ မိသားစုဝင်ငွေတိုးပွားစေဖို့ စပါးဝင်ငွေအပြင် အခြားဝင်ငွေ ရှိနေစေဖို့အတွက် ငှက်ပျောသီးနှံကို စိုက်ပျိုးကြတာပါ။ ဒေသထွက်ကုန်တစ်ခုအနေနဲ့လဲ စိုက်ပျိုးတာဖြစ်ပါတယ်။ ငှက်ပျောကို ခြံစနစ်နဲ့စိုက်တာများပါတယ်။ လက်ရှိ လျာထားဧကအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ တောင်သူတွေဘက်က ငှက်ပျောစိုက်တဲ့ လုပ်ငန်းမှာ အကျွမ်းတဝင်ရှိနေလို့ ငှက်ပျောစိုက်ရတာ အဆင်ပြေပါတယ်။ စိုက်ပျိုးပြီးတဲ့ငှက်ပျောပင်တွေကို ပိုးမွှားအန္တရာယ် မကျရောက်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ဟသ်ာတမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းလွင်ဦးက ပြောပြသည်။



ဟသ်ာတမြို့နယ်၌ ယခုနှစ် ငှက်ပျောစိုက်ပျိုးရာတွင် ရွှေငှက်ပျော၊ ဖီးကြမ်းငှက်ပျော၊ သီးမွှေးငှက်ပျော၊ ရခိုင်ငှက်ပျော အမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါဒေသမှ စိုက်ပျိုးထွက်ရှိသည့် ငှက်ပျောများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချကြကြောင်း၊ ဖီးကြမ်းငှက်ပျောနှင့် ရခိုင်ငှက်ပျောကို ဝယ်ယူသူများကြောင်း ဟသ်ာတမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# သရက်ချောင်းမြို့နယ် ပန်းချီရှောင်ကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သရက်ချောင်း အောက်တိုဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ပန်းချီရှောင်ကျေးရွာအုပ်စု ပန်းချီရှောင်ကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် အင်ဂျင်နီယာအဖွဲ့များက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ပန်းချီရှောင်ကျေးရွာ၌ အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ပေ ၆ လက်မ မြေသားဂဝံလမ်းခင်းခြင်းနှင့် Pipe Culvert နှစ်စင်း တည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် ရပ်မိရပ်ဖများကို ပြီးစီးသွားသော စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေး၊ ရေရှည်အသုံးပြုနိုင်ရေး ရပ်ရွာလူထုက ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းမြေသားဂဝံလမ်းခင်းခြင်းနှင့် Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး(VDP)စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ပြောပြ၍ သိရသည်။

**ကိုမြင့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၂-၁၀-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၈၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၈၀၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၃၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(male))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ်ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့(Ph.D) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(Female))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့ (Ph.D ) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးဆောင်ရွက်ရာမှာ ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ဖို့အရေးကြီးပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မယ့်လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပထမဆုံးအခြေခံလိုအပ်ချက်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ကိုဆန့်ကျင်ကာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားမယ့် လုပ်ဆောင်ချက်တွေမလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့ဥပဒေတွေအတိုင်း လေးစားလိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၁-၈-၂၀၂၂**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား





မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၂)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ် စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

**ပုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာတမ်ိလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၊ ပိန္နဲကုန်းရခိုင်ဂျာမေပလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့၏ သဘောထားထုတ်ပြန်ချက်များ**

စာမျက်နှာ - ၂၂

**PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး**

စာမျက်နှာ - ၁၇


Central Hotel

YANGON

အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



- ကုမ္ပဏီအခမ်းအနားများ
- ပြင်ပအစည်းအဝေးပွဲများ
- ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
- နှစ်ပတ်လည် အခမ်းအနားပွဲများအား

ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..